စိတ်ကူးချိုချိုအနုပညာ

# ကြွယ်ဝခမ်းနား မြန်မာစကား

လှသမိန်

ဒုတိယအကြိမ်

## မြန်မာအများ ကိုယ်စကားကို
## ကြွယ်ကြွယ်ဝဝ သုံးနှုန်းနိုင်ပါစေ။

မြန်မာစကားကို မြန်မာတိုင်း စေ့စေ့ပတ်ပတ် နှံ့စပ်အောင်
မတတ်ကျွမ်းကြဟု ဆိုလျှင် စော်ကားသည့်စကားဟု
ထင်စရာရှိသည်။
စကားလုံးများ အဓိပ္ပာယ်ပြောင်းခြင်း၊
အသုံးမပြု၍ တိမ်ကောခြင်း စသည်တို့မှာ
ဘာသာစကားတိုင်း ဖြတ်သန်းလာရသောခရီးစဉ်ပင်။
အချို့စကားလုံးများမှာ သုံးခွင့်မကြုံသောကြောင့်
မသုံးဖြစ်သည်လည်း ရှိသည်။
အဘိဓာန်တို့မည်သည်လည်း ပြည့်စုံအောင်
ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိကြပေ။
မြန်မာတို့နှုတ်ဖျားတွင် ပြောဆိုသုံးနှုန်းရေးသားခဲ့ကြသော
ထိုသို့ အရပ်သုံးစကားစုများကို စုဆောင်း၍ တစ်စောင်တစ်ဖွဲ့
ပြုစုထားရသော် နောင်လာနောက်သားများ မြန်မာစကားကို
မပျောက်မပျက် ထိန်းသိမ်းနိုင်ခြင်း၊
သုံးနှုန်းခဲ့သော မူရင်းအနက်အဓိပ္ပာယ်ကို လိုက်စစ်နိုင်ခြင်း၊
မြန်မာစကားကြွယ်ဝခဲ့ပုံကို ဂုဏ်ယူနိုင်ခြင်း၊
စကားလုံးခေါင်းပါးခြင်း မရှိ၊ နေရာတကျ ပြောဆိုသုံးနှုန်းနိုင်ခြင်း
စသော အကျိုးကျေးဇူးများရရှိနိုင်မည်ဟု ယုံကြည်မိပေသည်။
အရပ်ရပ်တွင် ပြောဆိုခဲ့ကြသော စကားစုများ၊ စာပေထဲတွင်
ကြုံကြားတွေ့ရသော တိမ်ကောလုစကားစုများ၊ အထူးသဖြင့်
ကျွန်တော် ငယ်စဉ်က ကျွန်တော်၏မိခင်နှင့် အဘွားတို့နှုတ်မှ
ကြွယ်ကြွယ်ဝဝ အချက်ကျကျ ပြောဆိုခဲ့ကြ၍ နားစွဲခဲ့သော
စကားစုများကို စုဆောင်း၍ အဓိပ္ပာယ်၊
သုံးနည်းနှင့်တကွ တင်ပြလိုက်ရပေသည်။

ISBN9789997130624
HTM32
9 789997 130624
4,000.00 KS

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကြွယ်ဝခမ်းနား မြန်မာစကား
# GLOSSARY OF MYANMAR PHRASES

လှသမိန်

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

ကြွယ်ဝခမ်းနား မြန်မာစကား။ လှသမိန်
စာမျက်နှာ ၃၇၄ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၇၊ ပတ္တမြားငွေမောက်စာပေတိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| – | | နိဒါန်း | က |
| ၁။ | [က] | အက္ခရာစကားစုများ | ၁ |
| ၂။ | [ခ] | အက္ခရာစကားစုများ | ၄၅ |
| ၃။ | [ဂ] | အက္ခရာစကားစုများ | ၇၄ |
| ၄။ | [င] | အက္ခရာစကားစုများ | ၇၇ |
| ၅။ | [စ] | အက္ခရာစကားစုများ | ၈၀ |
| ၆။ | [ဆ] | အက္ခရာစကားစုများ | ၁၀၇ |
| ၇။ | [ဇ] | အက္ခရာစကားစုများ | ၁၂၄ |
| ၈။ | [ဈ] | အက္ခရာစကားစုများ | ၁၃၄ |
| ၉။ | [ဉ] | အက္ခရာစကားစုများ | ၁၃၈ |
| ၁၀။ | [ည] | အက္ခရာစကားစုများ | ၁၄၀ |
| ၁၁။ | [ဋ] | အက္ခရာစကားစုများ | ၁၄၄ |
| ၁၂။ | [ဌ] | အက္ခရာစကားစုများ | ၁၄၅ |
| ၁၃။ | [တ] | အက္ခရာစကားစုများ | ၁၄၆ |
| ၁၄။ | [ထ] | အက္ခရာစကားစုများ | ၁၈၂ |


mgyoe.com

mgyoe.com

| | | | |
|---|---|---|---|
| ၁၅။ | [ဒ] | အက္ခရာစကားစုများ | ၁၉၃ |
| ၁၆။ | [ဓ] | အက္ခရာစကားစုများ | ၂၀၁ |
| ၁၇။ | [န] | အက္ခရာစကားစုများ | ၂၀၄ |
| ၁၈။ | [ပ] | အက္ခရာစကားစုများ | ၂၂၉ |
| ၁၉။ | [ဖ] | အက္ခရာစကားစုများ | ၂၅၉ |
| ၂၀။ | [ဗ] | အက္ခရာစကားစုများ | ၂၇၅ |
| ၂၁။ | [ဘ] | အက္ခရာစကားစုများ | ၂၈၈ |
| ၂၂။ | [မ] | အက္ခရာစကားစုများ | ၂၉၆ |
| ၂၃။ | [ယ] | အက္ခရာစကားစုများ | ၃၂၀ |
| ၂၄။ | [ရ] | အက္ခရာစကားစုများ | ၃၂၅ |
| ၂၅။ | [လ] | အက္ခရာစကားစုများ | ၃၃၄ |
| ၂၆။ | [ဝ] | အက္ခရာစကားစုများ | ၃၄၇ |
| ၂၇။ | [သ] | အက္ခရာစကားစုများ | ၃၅၀ |
| ၂၈။ | [ဟ] | အက္ခရာစကားစုများ | ၃၅၈ |
| ၂၉။ | [အ] | အက္ခရာစကားစုများ | ၃၆၀ |

mgyoe.com

mgyoe.com

# နိဒါန်း

မြန်မာစကားကို မြန်မာတိုင်း စေ့စေ့ပတ်ပတ် နှံ့စပ်အောင် မတတ်ကျွမ်းကြဟုဆိုလျှင် စော်ကားသည့်စကားဟု ထင်စရာရှိသည်။ စကားလုံးများ အဓိပ္ပာယ်ပြောင်းခြင်း၊ အသုံးမပြု၍ တိမ်ကောခြင်း စသည်တို့မှာ ဘာသာစကားတိုင်း ဖြတ်သန်းလာရသောခရီးစဉ်ပင် ဖြစ်သည်။ အချို့စကားလုံးများမှာ သုံးခွင့်မကြုံသောကြောင့် မသုံးဖြစ်သည်လည်း ရှိသည်။

အဘိဓာန်တို့မည်သည် အများအားဖြင့် လုံးချင်းပုဒ်များကို အနက်ဖွင့်ဆိုလေ့ရှိရာ **ပဒစယ၊** ဝါကျအဖြစ် ဖွဲ့စည်းဖြစ်ပေါ်နေသော စကားလုံးစုများကို ပြည့်စုံအောင် ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိကြပေ။ အတန်အသင့်သာလျှင် ထည့်သွင်းနိုင်ကြသည်။

သို့ဖြစ်၍ မြန်မာတို့နှုတ်ဖျားတွင် ပြောဆိုသုံးနှုန်းရေးသားခဲ့ကြသော ထိုသို့အရပ်သုံးစကားစုများကို စုဆောင်း၍ တစ်စောင်တစ်ဖွဲ့ ပြုစုထားရသော် နောင်လာနောက်သား

mgyoe.com

mgyoe.com



များ မြန်မာစကားကို မပျောက်မပျက် ထိန်းသိမ်းနိုင်ခြင်း၊ သုံးနှုန်းခဲ့သော မူရင်းအနက်အဓိပ္ပာယ်ကို လိုက်စစ်နိုင်ခြင်း၊ မြန်မာစကားကြွယ်ဝခဲ့ပုံကို ဂုဏ်ယူနိုင်ခြင်း၊ စကားလုံး ခေါင်းပါးခြင်း မရှိ၊ နေရာတကျ ပြောဆိုသုံးနှုန်းနိုင်ခြင်း စသော အကျိုးကျေးဇူးများရရှိနိုင်မည်ဟု ယုံကြည်မိပေသည်။ ထိုသည့်အားလျော်စွာ အရပ်ရပ်တွင် ပြောဆိုခဲ့ကြသော စကားစုများ၊ စာပေထဲတွင် ကြုံကြားတွေ့ရသော တိမ်ကောလုစကားစုများ၊ အထူးသဖြင့် ကျွန်တော် ငယ်စဉ်က ကျွန်တော်၏မိခင်နှင့် အဘွားတို့နှုတ်မှ ကြွယ်ကြွယ်ဝဝ အချက်ကျကျ ပြောဆိုခဲ့ကြ၍ နားစွဲခဲ့သော စကားစုများကို စုဆောင်း၍ အဓိပ္ပာယ်၊ သုံးနည်းနှင့်တကွ တင်ပြလိုက်ရပေသည်။

ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ယာညက် အခိုက်အတန့်ကလေးများကို ကောင်းစွာအသုံးချခြင်းအားဖြင့် နောင်တစ်ခေတ်အတွက် မှတ်စုမှတ်ရာကြွင်းကျန်နေရစ်မည်ဆိုပါက များစွာ အကျိုးရှိစေလိမ့်မည်ဟု အားတက်ယုံကြည်မိပေသည်။

**မြန်မာအများ ကိုယ့်စကားကို**
**ကြွယ်ကြွယ်ဝဝ သုံးနှုန်းနိုင်ပါစေ။**

လှသမိန်



mgyoe.com

mgyoe.com

## [က] အက္ခရာ စကားစုများ

**ကစဉ့်ကလျား**

အဓိပ္ပာယ် ။ ။ *တကွဲတပြားဖြစ်လျက်၊*

သုံးနည်း ။ ။ စားပွဲပေါ်တွင် စာအုပ်များ **ကစဉ့်ကလျား** ပြန့်ကျဲနေသည်။

**ကစုတ်ကညစ်**

အဓိပ္ပာယ် ။ ။ *ညစ်ပတ်ပေရေလျက်*

သုံးနည်း ။ ။ ကလေးငယ် **ကစုတ်ကညစ်** နေထိုင်ပုံကိုထောက်လျှင် သူ၏မိဘများ သွန်သင်ဆုံးမမှု မရှိ၍ဖြစ်မည်။

**ကစုတ်ကနုတ်**

အဓိပ္ပာယ် ။ ။ *ဆင်းရဲနွမ်းပါး၍ ချာစွာ၊*

သုံးနည်း ။ ။ လူငယ်ကလေးသည် ရိုးသားပုံရသော်လည်း **ကစုတ်ကနုတ်** ဝတ်စားထားသဖြင့် လူများက အထင်သေးကြသည်။

mgyoe.com

mgyoe.com



**ကညာစစ်**

အဓိပ္ပာယ် ။ ။ *မလိုအပ်ဘဲ ဆိုင်းတွလေးဖင့်သည်၊*

သုံးနည်း ။ ။ လမ်းလျှောက်သည့်အခါ သွက်လက်လျင်မြန်စွာ လျှောက်သင့်သည်။ **ကညာစစ်** ၍ လမ်းလျှောက်နေလျှင် ကိုယ်လက်လှုပ်ရှားခွင့်ရမည် မဟုတ်ပေ။

**ကဆွဲ့ကန့်**

အဓိပ္ပာယ် ။ ။ *ညှုရွှဲပလီလျှက်၊*

သုံးနည်း ။ ။ သူသည် **ကဆွဲ့ကန့်** ပြောတတ်သော သမီးငယ်ကို ပို၍ချစ်သည်။

**ကတောက်ကဆတ် (ကတောက်ကဆ)**

အဓိပ္ပာယ် ။ ။ *မသင့်မတင့်ဖြစ်သည်။*

သုံးနည်း ။ ။ မိန်းကလေးနှစ်ယောက်သည် အချင်းချင်း **ကတောက်ကဆတ်** ဖြစ်ဖူးသောကြောင့် မခေါ်မပြောဘဲ နေကြသည်။

**ကတောက်ကတက်**

အဓိပ္ပာယ် ။ ။ *မရေမရာ၊ ဟိုရောက်သည်ရောက်*

သုံးနည်း ။ ။ သူသည် ညက အိပ်မက်များ **ကတောက်ကတက်** မက်သဖြင့် စိတ်ချောက်ချားနေသည်။

mgyoe.com

mgyoe.com



## ကတုန်ကယင် (ကတုန်ကရီ)

အဓိပ္ပာယ် ။ ။ *ထိတ်လန့်တုန်လှုပ်လျက်။*

သုံးနည်း ။ ။ ကျွန်တော်သည် လူသေအလောင်းများကို မြင်ရပြီး ကတည်းက ရင်ထဲတွင် **ကတုန်ကယင်** ဖြစ်နေသဖြင့် သွေးဆေးသောက်ရသည်။

## ကတုန်းကတိုက် (ကတည်းကတိုက်)

အဓိပ္ပာယ် ။ ။ *နှစ်ဖက်ကြားတွင် တွန်းတိုက်လျက်၊*

သုံးနည်း ။ ။ ထိုအရာရှိမသည် လက်အောက်ငယ်သားအချင်းချင်း သဘောကွဲအောင် **ကတုန်းကတိုက်** ပြောလေ့ရှိသည်။

## ကတုံးပေါ်ထိပ်ကွက်

အဓိပ္ပာယ် ။ ။ *ပါးနပ်သူအပေါ်တွင် လှည့်စားသည်၊*

သုံးနည်း ။ ။ ခါးပိုက်နှိုက်ထံမှ ပစ္စည်းကို အတုကြီးဟုပြောကာ ဈေးနှိမ်၍ဝယ်လိုက်သည်မှာ **ကတုံးပေါ်ထိပ်ကွက်** ခြင်း ဖြစ်သည်။

## ကန္နဲ့ကလျ

အဓိပ္ပာယ် ။ ။ *နွဲ့နှောင်းညွတ်ပျောင်းလျက်၊*

သုံးနည်း ။ ။ ထိုသူသည် သန်သန်မာမာ ယောကျ်ားကြီးဖြစ်လျက်၊ **ကန္နဲ့ကလျ** လမ်းလျှောက်သောကြောင့် မိန်းမလျာဟု အထင်ခံရသည်။

mgyoe.com

mgyoe.com



**ကပေကရေ**

အဓိပ္ပာယ် ။ ။ *ပေပေရေရေ၊ ညစ်ပေစွာ၊*

သုံးနည်း ။ ။ ကလေးငယ်သည် ထမင်းလျက်များကို ဆုပ်နယ်စား ရင်း အိမ်ရှေ့သို့ **ကပေကရေ** နှင့် ထွက်လာသည်။

**ကပျာကယာ**

အဓိပ္ပာယ် ။ ။ *အလျင်စလို၊ မသပ်ရပ်ဘဲ၊*

သုံးနည်း ။ ။ ကလေးငယ်သည် နမော်နမဲ့ လမ်းဖြတ်ကူးသဖြင့် မိခင်က **ကပျာကယာ** လိုက်ဆွဲရသည်။

**ကပြက်ကချော်**

အဓိပ္ပာယ် ။ ။ *သပ်ရပ်မှုမရှိဘဲ၊ ဖြစ်ကတတ်ဆန်း၊ မတည်မကြည်၊*

သုံးနည်း ။ ။ သူအလုပ်လုပ်သည်မှာ သေသပ်မှု မရှိဘဲ **ကပြက် ကချော်** နိုင်လှသည်။

**ကပျစ်ကညစ်**

အဓိပ္ပာယ် ။ ။ *ညစ်ပတ်ပေရေစွာ၊*

သုံးနည်း ။ ။ အပျိုအရွယ်ကလေးသည် **ကပျစ်ကညစ်** နေတတ် သဖြင့် မြင်ရသူများက အထင်သေးကြသည်။

**ကပြောင်းကပြန်**

အဓိပ္ပာယ် ။ ။ *အစီအစဉ် ချွတ်လွဲလျက်၊*

သုံးနည်း ။ ။ အစည်းအဝေးအစီအစဉ်များမှာ မူလအတိုင်း မဟုတ် ဘဲ **ကပြောင်းကပြန်** ပြောင်းလဲထားသည်။

mgyoe.com

mgyoe.com


## ကဖျက်ယဖျက်

အဓိပ္ပာယ် ။ ။ *ဖျက်လိုဖျက်ဆီးအားဖြင့်၊ အဖျက်သဘောဖြင့်၊*

သုံးနည်း ။ ။ ထိုလူကြီးသည် ဈေးရောင်းသူနှင့် သင့်တင့်သောကြောင့် အခြားဝယ်သူများကို **ကဖျက်ယဖျက်** လုပ်နေသည်။

## ကပေါက်ချိကပေါက်ချာ

အဓိပ္ပာယ် ။ ။ *အလွဲအမှားဖြစ်လျက်၊*

သုံးနည်း ။ ။ ဤစာရေးမှာ လူသစ်ဖြစ်သဖြင့် စာရွက်များကို **ကပေါက်ချိကပေါက်ချာ** ဖိုင်တွဲထားသည်။

## ကပြက်ကချော်

အဓိပ္ပာယ် ။ ။ *ကရော်ကမည်၊ မလေးမစားပေါ့ဆစွာ၊*

သုံးနည်း ။ ။ သည်အင်္ကျီက ပိတ်သားကောင်းသော်လည်း **ကပြက်ကချော်** ချုပ်ထားသဖြင့် ဝယ်သူများ ရှောင်သွားကြသည်။

## ကမူးရှူးထိုး (နွားမူးဆူးတိုး)

အဓိပ္ပာယ် ။ ။ *အာရုံ မကြည်မလင် မသိဝိုးဝါးဖြစ်လျက်၊*

သုံးနည်း ။ ။ အရက်သမားသည် ဆိုင်ထဲမှ **ကမူးရှူးထိုး** ထွက်လာ၍ စားပွဲများကို တိုက်မိသည်။

mgyoe.com

mgyoe.com



**ကမောက်ကမ**

အဓိပ္ပာယ် ။ ။ *အစီအစဉ်မကျ၊ ဖောက်ဖောက်ပြန်ပြန်၊*

သုံးနည်း ။ ။ သူက ကုန်းပေါ်မှာ ဖိနပ်ချွတ်ပြီး ရေထဲကျမှ ဖိနပ်စီး နှင့် **ကမောက်ကမ** လျှောက်လုပ်နေသည်။

**ကမန်းကတန်း**

အဓိပ္ပာယ် ။ ။ *အလျင်စလိုအားဖြင့်၊ နေသားမကျဘဲ၊*

သုံးနည်း ။ ။ ခရီးထွက်မည့်သူကို အချိန်နောက်ကျနေသဖြင့် **ကမန်းကတန်း** စားသောက်ဖွယ်များ စီမံပေးလိုက်ရသည်။

**တယုတယ (ကယုကယ)**

အဓိပ္ပာယ် ။ ။ *ဂရုတစိုက်ချစ်ခင်မြတ်နိုးစွာ၊*

သုံးနည်း ။ ။ တစ်ဦးတည်းသော သမီးကလေးမို့ **တယုတယ** စောင့်ရှောက်ထားသည်။

**ကယောက်ကယက်**

အဓိပ္ပာယ် ။ ။ *မတည်မငြိမ်ဖြစ်လျက်၊ ဟိုရောက်သည်ရောက်၊*

သုံးနည်း ။ ။ အဘွားကြီးသည် **ကယောက်ကယက်** လျှောက်ပြောနေသဖြင့် သူငယ်ပြန်နေသည်ဟု ထင်ကြသည်။

**ကယောင်ကတမ်း**

အဓိပ္ပာယ် ။ ။ *သတိကင်းလွတ်လျက်၊ ရောက်တတ်ရာရာ၊*

သုံးနည်း ။ ။ လူမမာ **ကယောင်ကတမ်း** ပြောနေသဖြင့် သက်ဆိုင်သူများ စိုးရိမ်ထိတ်လန့်နေကြသည်။

mgyoe.com

mgyoe.com



## ကယောင်ကယင်

အဓိပ္ပာယ် ။ ။ *တုန်လှုပ်ချောက်ချားလျက်၊*

သုံးနည်း ။ ။ သူ **ကယောင်ကယင်** နှင့် တွေ့ကရာ လျှောက်ပြော နေသဖြင့် သူ့ကို စိတ်ချယုံကြည်၍ မရပေ။

## ကယောင်ချောက်ချား

အဓိပ္ပာယ် ။ ။ *တုန်လှုပ်လျက်၊*

သုံးနည်း ။ ။ သူသည် စိတ်ဝေဒနာ ခံစားနေရသဖြင့် **ကယောင်ချောက်ချား** ပြောဆိုနေသည်ကို မည်သူမျှ နားမလည်ကြပေ။

## ကယိမ်းကယိုင်

အဓိပ္ပာယ် ။ ။ *ယိမ်းယိုင်လျက်၊ မထိန်းနိုင်ဘဲ၊*

သုံးနည်း ။ ။ အားနည်းသည့် လူမမာလမ်းလျှောက်ရာတွင် **ကယိမ်းကယိုင်** ဖြစ်နေသည်။

## ကရားရေလွှတ်

အဓိပ္ပာယ် ။ ။ *အဆက်မပြတ် သွက်လက်စွာ၊*

သုံးနည်း ။ ။ တရားဟောဆရာသည် အကိုးအကားများကို **ကရားရေလွှတ်** ပြောသွားရာ မှတ်ဉာဏ်ကို အံ့သြကြရသည်။

mgyoe.com

mgyoe.com



**ကရော်ကမည်**

အဓိပ္ပာယ် ။ ။ *လေးနက်တည်ကြည်မှု မရှိဘဲ၊ ကျီစားသောအားဖြင့်၊*

သုံးနည်း ။ ။ ပန်းကန်ကို **ကရော်ကမည်** ကိုင်လာသဖြင့် လွတ်ကျ၍ ကွဲသွားသည်။ ဒီစကားကို **ကရော်ကမည်** ပြောသလား၊ အတည်ပြောသလား မခွဲခြားနိုင်။

**ကယောက်ကယက်**

အဓိပ္ပာယ် ။ ။ *ကတောက်ကတက်နှင့်အတူတူ၊*

သုံးနည်း ။ ။ သူညကယောင်ပြီး **ကယောက်ကယက်** တွေ လျှောက်ပြောနေသည်။

**ကရွတ်ကင်းလျှောက်**

အဓိပ္ပာယ် ။ ။ *အဆုံးမရှိဘဲ၊ စဉ်တိုက်၊*

သုံးနည်း ။ ။ မိန်းမကြီးသည် ကလေးအား **ကရွတ်ကင်းလျှောက်** ပြောဆိုမြည်တွန်နေသည်။

**ကလနားသတ်**

အဓိပ္ပာယ် ။ ။ *အပြီးသတ်၊ အချောသတ်၊*

သုံးနည်း ။ ။ သူကနေးကွေးလွန်းတဲ့အတွက်၊ အပ်ထည်ကို သုံးလကြာသည်အထိ **ကလနားမသတ်** နိုင်သေးပေ။

**ကလီကလောက် (ခလီခလောက်)**

အဓိပ္ပာယ် ။ ။ *နှစ်ဖက်ဆက်ဆံမှုကို နှောင့်ယှက်လျက်၊ ကုန်းတိုက်လျက်၊*

သုံးနည်း ။ ။ အိမ်နီးချင်းတစ်ဦးသည် လင်နှင့်မယားအကြားတွင်

mgyoe.com

mgyoe.com


**ကလိကလောက်** ပြောဆိုတတ်သဖြင့် လင်မယား သဘောကွဲရသည်။

**ကလေကချေ**

အဓိပ္ပာယ် ။ ။ *အခြေအနေ အတည်တကျမရှိသူ၊*

သုံးနည်း ။ ။ မိန်းကလေး၏ မိဘများသည် အလုပ်အကိုင်မရှိသော **ကလေကချေ** ယောကျ်ားကလေးနှင့် ပေးစားရန် သဘောမတူကြပေ။

**ကလေကဝ**

အဓိပ္ပာယ် ။ ။ *အခြေအနေမဲ့၊ အတန်းအစားမရှိ၊*

သုံးနည်း ။ ။ "မင်းအလုပ်လုပ်ရမယ်၊ **ကလေကဝ** နဲ့ လျှောက်သွားနေလို့ မဖြစ်ဘူး" ဟု ဖခင်က သားကို ဆုံးမသည်။

**ကလောင်ထက်**

အဓိပ္ပာယ် ။ ။ *အရေးအသား ထိမိသည်၊*

သုံးနည်း ။ ။ ဤစာရေးဆရာ **ကလောင်ထက်** သောကြောင့် မဟုတ်မတရားလုပ်သူများက သူတို့အကြောင်း ရေးမည်ကို ကြောက်ကြသည်။

**ကလောင်သွက်**

အဓိပ္ပာယ် ။ ။ *စာများများ၊ သွက်သွက်ရေးနိုင်သည်၊*

သုံးနည်း ။ ။ ဤစာရေးဆရာသည် **ကလောင်သွက်** လှသဖြင့်

mgyoe.com

mgyoe.com


လုံးချင်းဝတ္ထုရှည်တစ်အုပ်ကို တစ်လအတွင်းပြီးအောင် ရေးသည်။

**ကလန်ကလား**

အဓိပ္ပာယ် ။ ။ *အချိုးအစားမကျနစွာ၊ အရပ်ထိုးထွက်လျက်၊*

သုံးနည်း ။ ။ ဤမိန်းကလေးကျန်းမာရေး လေ့ကျင့်ပုံမှာ **ကလန်ကလား** နှင့် အကြည့်ရဆိုးလှသည်။

**ကလန်ကဆန်**

အဓိပ္ပာယ် ။ ။ *ဖီဆန် ဆန့်ကျင်လျက်၊*

သုံးနည်း ။ ။ မိဘကို **ကလန်ကဆန်** ပြန်ပြောသူကို လူတိုင်းကရွံမုန်းကြပေသည်။

**ကလိန်းကလက်**

အဓိပ္ပာယ် ။ ။ *ဣန္ဒြေမရှိ၊ မတည်မငြိမ်ဖြစ်လျက်၊*

သုံးနည်း ။ ။ မိန်းကလေးဆိုသည်မှာ ဝတ်စားပြောဆိုရာတွင် **ကလိန်းကလက်** မဖြစ်စေသင့်။

**ကလိမ်ကလည်**

အဓိပ္ပာယ် ။ ။ *လိမ်လည်လျက်၊*

သုံးနည်း ။ ။ **ကလိမ်ကလည်** လုပ်တတ်သူကို မည်သူမျှ မငှားဝံ့ပေ။

mgyoe.com

mgyoe.com



**ကလွှင်ကပေါက်**

အဓိပ္ပာယ် ။ ။ *အခြေအနေမှဲ့၊*

သုံးနည်း ။ ။ ဤသူငယ်မှာ မိဘရှိစဉ်က ပညာမသင်ကြားခဲ့သဖြင့် **ကလွှင်ကပေါက်** လိုက်လံတောင်းစားနေရသည်။

**ကသီကအောက်**

အဓိပ္ပာယ် ။ ။ *အခံရခက်လျက်၊*

သုံးနည်း ။ ။ မိမိက ကျေးဇူးပြုဖူးလျက် မိမိကို မချေမငံ ပြန်ပြောသဖြင့် စိတ် **ကသီကအောက်** ဖြစ်ရသည်။

**ကသီကရီ**

အဓိပ္ပာယ် ။ ။ *ဆင်းရဲညှိုးငြင်လျက်၊*

သုံးနည်း ။ ။ မိဘကွယ်လွန်သွားသည့်အခါ ကလေးငယ်များ **ကသီကရီ** ဖြစ်ကုန်ကြသည်။

**ကသီလင်တ**

အဓိပ္ပာယ် ။ ။ *ပင်ပန်းဆင်းရဲစွာ၊*

သုံးနည်း ။ ။ ကလေးငါးယောက်နှင့် မိခင်မှာ ခင်ပွန်းဆုံးပါးသဖြင့် **ကသီလင်တ** ဖြစ်ရသည်။

**ကသီ**

အဓိပ္ပာယ် ။ ။ *ဒုက္ခရောက်လျက်၊*

သုံးနည်း ။ ။ မှီခိုအားထားရမည့်သူမရှိသဖြင့် ရောင်းဝယ်စားသောက်ရသည်မှာ **ကသီ** လှသည်။

mgyoe.com

mgyoe.com



**ကသောကမျော**

အဓိပ္ပာယ် ။ ။ *အလျင်စလို၊*

သုံးနည်း ။ ။ အလုပ်နေရာပြောင်းရန် အမိန့်မှာ နောက်ကျနေသဖြင့် အလုပ်ဝင်ရက်မီအောင် **ကသောကမျော** ထွက်လာရသည်။

**ကသောက်ကရောက်**

အဓိပ္ပာယ် ။ ။ *အရောရောအနှောနှော၊*

သုံးနည်း ။ ။ မြို့ကြီးများတွင် လူမျိုးပေါင်းများစွာ ဝင်ရောက်၍ **ကသောက်ကရောက်** နေထိုင်ကြသည်။

**ကသိုဏ်းရှု**

အဓိပ္ပာယ် ။ ။ *အမြဲတမ်းတနိုး စောင့်ကြည့်နေသည်၊*

သုံးနည်း ။ ။ မိန်းမကြီးသည် သူ၏ ပညာတတ် ရုပ်ချောသမီးကလေးကို သူတစ်ပါး မစော်ကားရအောင် **ကသိုဏ်းရှု** ထားသည်။

**ကသုတ်ကရက် (ကသုတ်ကသက်၊ ကသုတ်ကရုတ်)**

အဓိပ္ပာယ် ။ ။ *အလျင်စလို၊ အစီအစဉ် မရှိဘဲ၊*

သုံးနည်း ။ ။ ရွာက **ကသုတ်ကရက်** ပြန်လာရသောကြောင့် လူစေ့အောင်ပင် နှုတ်မဆက်နိုင်ခဲ့ပေ။

mgyoe.com

mgyoe.com



**ကာရန်သင့်**

အဓိပ္ပာယ် ။ ။ *အဆက်အဆံအဆင်ပြေသည်၊ သင့်မြတ်သည်၊*

သုံးနည်း ။ ။ ပေးသည့်ဈေး **ကာရန်သင့်** လျှင်တော့ ကျွန်တော်တို့ပစ္စည်းကို ထုတ်ရောင်းပါမည်။ သူတို့နှစ်ဦး ရန်ဖြစ်ခဲ့ကြသော်လည်း ယခု **ကာရန်သင့်** သွားပြီ။

**ကာလညာဏ်**

အဓိပ္ပာယ် ။ ။ *မရိုးမသား လိမ်လည်သောသဘော၊*

သုံးနည်း ။ ။ ယခုခေတ်တွင် ယောကျ်ားကလေးများမှာ **ကာလညာဏ်** ထက်ကြသဖြင့် မည်သူ့ကိုမျှ စိတ်ချယုံကြည်ရန် မသင့်ပေ။

**ကုလားသေ ကုလားမော**

အဓိပ္ပာယ် ။ ။ *မိန်းမောနှစ်ခြိုက်စွာ၊*

သုံးနည်း ။ ။ သူသည် သုံးညလောက် အိပ်ရေးပျက်ခဲ့သဖြင့် **ကုလားသေကုလားမော** အိပ်ပျော်နေသည်။

**ကူဖော်လောင်ဖက် (ပူဖော်လောင်ဖက်)**

အဓိပ္ပာယ် ။ ။ *ကူညီမည့်အဖော်၊*

သုံးနည်း ။ ။ အိမ်ရှင်မသည် အိမ်အလုပ်များကို **ကူဖော်လောင်ဖက်** မရှိဘဲ တပင်တပန်း လုပ်ကိုင်ရရှာသည်။

mgyoe.com

mgyoe.com


**ကူသယ်ခေါက်သယ် (ကူသယ်ကောက်သယ်)**

အဓိပ္ပာယ် ။ ။ *အပြန်ပြန်အခေါက်ခေါက်၊*

သုံးနည်း ။ ။ အလုပ်သမားများသည် ဂိုဒေါင်ထဲမှ ဆန်အိတ်များကို ကုန်တွဲပေါ်သို့ **ကူသယ်ခေါက်သယ်** သယ်ပို့နေကြသည်။

**ကူးကလန်ခတ်**

အဓိပ္ပာယ် ။ ။ *အပြန်ပြန်တုံ့လှယ်သွားလာသည်၊*

သုံးနည်း ။ ။ သူသည် နေ့စဉ် သာရဝေါနှင့် ဟင်္သာတကို **ကူးကလန်ခတ်** နေသည်။

**ကေတီကာတိ**

အဓိပ္ပာယ် ။ ။ *အမျိုးမျိုးလှည့်ဖြား၊ ဆင်ခြေကန်အကြောင်းပြလျက်၊*

သုံးနည်း ။ ။ ဤလူသည် ကြွေးယူပြီးနောက် ဆပ်ရမည့်အချိန်တွင် **ကေတီကာတိ** လုပ်နေသည်။

**ကော့ကော်ကံကား**

အဓိပ္ပာယ် ။ ။ *ဖီဆန်ဆန့်ကျင်သည်၊*

သုံးနည်း ။ ။ ထိုသူငယ်ကလေးမှာ မိဘဆိုဆုံးမသည်ကို နားမထောင်ဘဲ **ကော့ကော်ကံကား** လုပ်တတ်သဖြင့် မိဘများက လက်လျှော့ရသည်။

mgyoe.com

mgyoe.com


**ကော့လပ်ကော့လပ် (လပ်ကော့ဆပ်ကော့)**

အဓိပ္ပာယ် ။ ။ *ကြော့မော့ဖျတ်လတ်စွာ၊*

သုံးနည်း ။ ။ ဈေးသွားရာတွင် မိန်းကလေးက ရှေ့မှ **ကော့လပ်ကော့လပ်** နှင့် သွား၍ နောက်က အိမ်ဖော်က ခြင်းတောင်းဆွဲ၍ အမီလိုက်ရသည်။

**ကံကောင်းထောက်မ**

အဓိပ္ပာယ် ။ ။ *ကံအားလျော်စွာ၊*

သုံးနည်း ။ ။ ဤသူကား သင်္ဘောနစ်ရာတွင် ပါသွားသော်လည်း **ကံကောင်းထောက်မ** ၍ အသက်မသေဘဲ ကျန်ခဲ့သည်။

**ကံကြီးထိုက်**

အဓိပ္ပာယ် ။ ။ *ကြီးမားသော မကောင်းမှုအကျိုးဆက်ကို ခံရသည်၊*

သုံးနည်း ။ ။ ဤလူမှာ သူတော်ကောင်းကို ပြစ်မှားခဲ့သဖြင့် **ကံကြီးထိုက်** ကာ စီးပွားပျက်ရသည်။

**ကံကွက်ကျား**

အဓိပ္ပာယ် ။ ။ *ထူးခြားစွာ တစ်မျိုးတစ်ဖုံစီ အကျိုးပေးလျက်၊*

သုံးနည်း ။ ။ ကျောင်းသားငါးယောက် တစ်ပြိုင်တည်း အလုပ်လျှောက်ကြရာ လေးယောက်အလုပ်ရပြီး တစ်ယောက်မှာ **ကံကွက်ကျား** ကျန်ခဲ့လေသည်။

mgyoe.com

mgyoe.com


**ကံစွန့်ကံညား (ကံစွပ်ကံညား)**

အဓိပ္ပာယ် ။ ။ *ကံကောင်းသော်ရှိ၊ ဆိုးသော်ရှိ၊ ကံကိုယုံကိုးလျက်၊*

သုံးနည်း ။ ။ ကျွန်တော်သည် ထိကို အားမကိုးသော်လည်း **ကံစွန့်ကံညား** သဘောဖြင့် တစ်ကြိမ်လျှင် တစ်စောင် ကျထိုးသည်။

**ကံသေကံမ**

အဓိပ္ပာယ် ။ ။ *တပ်အပ်သေချာ၊*

သုံးနည်း ။ ။ ကျွန်တော်လာနိုင်အောင် ကြိုးစားမည်၊ **ကံသေကံမ** မပြောနိုင်သေးပါ။

**ကိုယ်ကျိုးနည်း**

အဓိပ္ပာယ် ။ ။ *များစွာထိခိုက်နစ်နာသည်၊*

သုံးနည်း ။ ။ သူငယ်သည် လူရည်သန့်ဖြစ်ပါလျက် ဆေးစွဲသွားသဖြင့် **ကိုယ်ကျိုးနည်း** ရသည်။

**ကိုယ်ခွဲလက်လှည့်**

အဓိပ္ပာယ် ။ ။ *ကိုယ်စားစေလွှတ်ရမည့်သူ၊ စေခိုင်းရမည့်သူ၊*

သုံးနည်း ။ ။ ထိုမိန်းမကြီးမှာ သားသမီး မထွန်းကားသော မုဆိုးမဖြစ်၍ ရပ်ရေးရွာရေး၌ **ကိုယ်ခွဲလက်လှည့်** မရှိဘဲ ကိုယ်တိုင်ပါဝင်ရသည်။

mgyoe.com

mgyoe.com


## ကိုယ်တွေ့မျက်မြင်

အဓိပ္ပာယ် ။ ။ *ကိုယ်တိုင်တွေ့မြင်ရလျက်၊*

သုံးနည်း ။ ။ သိပ္ပံပညာလေ့လာသူသည် အရာရာတွင် **ကိုယ်တွေ့မျက်မြင်** လေ့လာမှ တတ်မြောက်သည်။

## ကိုယ်ထိလက်ရောက်

အဓိပ္ပာယ် ။ ။ *ကိုယ်တိုင်ကိုယ်ကျ၊ ကိုယ်တိုင်ထိတွေ့လျက်၊*

သုံးနည်း ။ ။ သူက **ကိုယ်ထိလက်ရောက်** စော်ကားလာလျှင် သည်းမခံနိုင်ပါ။

ငှားလာသော စာအုပ်များကို စာအုပ်ရှင်ထံ **ကိုယ်ထိလက်ရောက်** ပြန်ပေးသင့်သည်။

## ကိုယ်လေးလက်ဝန်

အဓိပ္ပာယ် ။ ။ *ကိုယ်ဝန်ရှိလျက်၊ သန္ဓေ၊*

သုံးနည်း ။ ။ ထိုမိန်းကလေးသည် အိမ်ထောင်ကျပြီး မကြာမီပင် **ကိုယ်လေးလက်ဝန်** ရှိလာသည်။

## ကိုယ်လက်နှီးနှော

အဓိပ္ပာယ် ။ ။ *ကာမဆက်ဆံသည်၊*

သုံးနည်း ။ ။ တောလိုက်မုဆိုးသည် နဂါးမနှင့် **ကိုယ်လက်နှီးနှော** ရာမှ နဂါးမတွင် သန္ဓေရှိလာသည်။

mgyoe.com

mgyoe.com



## ကိုယ်လက်သုတ်သင်

အဓိပ္ပာယ် ။ ။ *အညစ်အကြေးစွန့်သည်၊ အခင်းသွားသည်၊*

သုံးနည်း ။ ။ ခရီးသွားတစ်ယောက်သည် **ကိုယ်လက်သုတ်သင်** ရန် လမ်းဘေးရှိ ခြုံတစ်ခုထဲသို့ဝင်ရာ မြွေတစ်ကောင် တွေ့ရှိရသည်။

## ကိုယ်လွတ်ရုန်း

အဓိပ္ပာယ် ။ ။ *မိမိတစ်ဦးတည်း အပြစ်လွတ်အောင် အားထုတ်သည်၊*

သုံးနည်း ။ ။ သူငယ်ချင်းသုံးယောက် ဘောလုံးကန်၍ ပြတင်း ပေါက်မှန်ကွဲသွားရာ တစ်ယောက်က သူ မပါခဲ့ပါ ဟု **ကိုယ်လွတ်ရုန်း** သည်။

## ကိုယ်လွတ်လက်လွတ်

အဓိပ္ပာယ် ။ ။ *လက်သာကိုယ်ကျွတ်၊ ပေါ့ပါးစွာ၊ ဝန်စည်မပါဘဲ၊*

သုံးနည်း ။ ။ မီးတောက်မီးလျှံတက်လာသောအခါ အိမ်ရှင်များ သည် မည်သည့်ပစ္စည်းမျှ မသယ်နိုင်ဘဲ **ကိုယ်လွတ်လက်လွတ်** ထွက်ပြေးရသည်။

## ကိုယ့်မင်းကိုယ့်ချင်း

အဓိပ္ပာယ် ။ ။ *မိမိဆန္ဒအတိုင်း၊ လွတ်လပ်စွာ၊*

သုံးနည်း ။ ။ မြန်မာတို့သည် **ကိုယ့်မင်းကိုယ့်ချင်း** နေလာခဲ့ သည်မှာ များစွာကြာခဲ့ကြသည်။

သူကတော့ အိမ်မှာ မိဘတွေ မရှိခိုက် **ကိုယ့်မင်း ကိုယ့်ချင်း** ပဲ။

mgyoe.com

mgyoe.com


## ကိုယ့်ရှူးကိုယ်ပတ်

အဓိပ္ပာယ် ။ ။ *ကိုယ့်လုပ်ဆောင်ချက်ဖြင့် ကိုယ့်ကို ပြန်ထိသည်၊*

သုံးနည်း ။ ။ လူငယ်တစ်ယောက်ကို သနားသဖြင့် ကယ်ထားရာ ထိုသူငယ်မှာ တရားခံတစ်ယောက်ဖြစ်နေသဖြင့် အပြစ်ငြိစွန်းပြီး **ကိုယ့်ရှူးကိုယ်ပတ်** နေသည်။

## ကိုယ့်ဝန်ကိုယ်ထမ်း

အဓိပ္ပာယ် ။ ။ *မိမိတာဝန်မိမိယူလျှက်၊*

သုံးနည်း ။ ။ ကိုယ့်ကြီးပွားရေးကို အခြားသူအပေါ် အားကိုး၍မရဘဲ **ကိုယ့်ဝန်ကိုယ်ထမ်း** လုပ်ယူရသည်။

## ကိုးကုန်းကိုးကျင်း

အဓိပ္ပာယ် ။ ။ *အပျံ့အနှံ့၊ အနှံ့အပြား၊*

သုံးနည်း ။ ။ နွားကျောင်းသားများသည် နွားပျောက်သွားသဖြင့် **ကိုးကုန်းကိုးကျင်း** နှံ့အောင် နွားပျောက်ရှာကြသည်။

## ကက်ကက်လန်

အဓိပ္ပာယ် ။ ။ *စွာလောင်စွာဖြင့်၊ အထိမခံစိတ်ဖြင့်၊*

သုံးနည်း ။ ။ မိန်းကလေးသည် သူ့ဆိုင်တွင် ပစ္စည်းစုံအောင်ကိုင်ကြည့်ပြီး မဝယ်ဘဲ ထွက်သွားမည်ပြုသူကို **ကက်ကက်လန်အောင်** ရန်တွေ့သည်။

mgyoe.com

mgyoe.com



**ကောက်ကောက်ပါ**

အဓိပ္ပာယ် ။ ။ *နောက်မှထက်ကြပ်အားဖြင့်၊*

သုံးနည်း ။ ။ ခွေးကလေးသည် သူ့သခင်ထံ၍ ပြန်သည်နှင့် နောက်က **ကောက်ကောက်ပါ** အောင် လိုက်သွားသည်။

**ကောက်ကာငင်ကာ**

အဓိပ္ပာယ် ။ ။ *ချက်ချင်း လက်ငင်း၊ ပြင်ဆင်မှု မရှိဘဲ၊*

သုံးနည်း ။ ။ ဆရာသည် အလွန်တော်၍ တပည့်များမေးသမျှကို **ကောက်ကာငင်ကာ** ဖြေဆိုနိုင်သည်။

**ကောက်ပင်ရိတ်လှီး (ကောက်ပင်ရိတ်လှည်း)**

အဓိပ္ပာယ် ။ ။ *အစွန်းအစ မကျန်စေဘဲ၊*

သုံးနည်း ။ ။ စကားရည်လုပွဲတွင် အဆိုရှင်က နောက်ဆုံးတွင် ချေပချက်များကို တစ်ခုမကျန်ပြေလည်အောင် **ကောက်ပင်ရိတ်လှီး** ပြောသွားသည်။

**ကောက်ရိုးမီး**

အဓိပ္ပာယ် ။ ။ *ခဏမျှရှင်သန်တက်ကြွသူ၊*

သုံးနည်း ။ ။ ရပ်ရွာထဲတွင် စာကြည့်တိုက်ထောင်ကြသော်လည်း တစ်နှစ်မျှ မကြာမီ **ကောက်ရိုးမီး** ဖြစ်သွား၍ မည်သူမျှ ဆက်လက်စောင့်ရှောက်ခြင်း မပြုကြပေ။

mgyoe.com

mgyoe.com


**ကောက်သင်းကောက်**

အဓိပ္ပာယ် ။ ။ *အကြွင်းအကျန် စုသိမ်းသည်၊*

သုံးနည်း ။ ။ စာအုပ်များထွက်လျှင် ထွက်ချင်း ကုန်သွားသောကြောင့် ဆိုင်များတွင် **ကောက်သင်းကောက်** ရှာဖွေဝယ်ယူရသည်။

**ကောင်းကောင်းကန်းကန်း**

အဓိပ္ပာယ် ။ ။ *မကောင်းဟုသဘောထားလျက်၊*

သုံးနည်း ။ ။ သူတစ်ပါး မဝတ်လို၍ ပြန်ရောင်းသောအထည်ကို **ကောင်းကောင်းကန်းကန်း** ဈေးကြီးပေး မဝယ်လိုပါ။

**ကောင်းတူဆိုးဖက်**

အဓိပ္ပာယ် ။ ။ *အမြဲအတူတကွ၊*

သုံးနည်း ။ ။ မိတ်စစ်မိတ်ကောင်းဆိုသူမှာ မိမိနှင့် **ကောင်းတူဆိုးဖက်** ဆက်ဆံပေါင်းသင်းနိုင်သူမျိုးဖြစ်ရမည်။

**ကောင်းမွေခံဆိုးမွေခံ**

အဓိပ္ပာယ် ။ ။ *အကောင်းအဆိုးအမွေဆက်ခံသူ၊*

သုံးနည်း ။ ။ ပြည်သူပြည်သားများသည် ထူထောင်တည်ဆောက်မှုလုပ်ငန်း၏ **ကောင်းမွေခံဆိုးမွေခံများ** ဖြစ်ကြသည်။

အဘိုးအို အမယ်အို လင်မယားသည် သားထောက်သမီးခံမရှိသောကြောင့် **ကောင်းမွေခံဆိုးမွေခံ** တစ်ယောက် မွေးစားလိုသည်။

mgyoe.com

mgyoe.com



**ကိစ္စချော**

အဓိပ္ပာယ် ။ ။ *ကွယ်လွန်သည်၊ (မလိုလားစိတ်ဖြင့် သုံးသည်၊)*

သုံးနည်း ။ ။ ရွာထဲမှာ ဆိုးသွမ်းနေသော လူငယ်သည် ရေနစ်ပြီး **ကိစ္စချော** သွားသည်။

**ကိစ္စများ**

အဓိပ္ပာယ် ။ ။ *နောက်ဆက်ပြဿနာပေါ်သည်၊*

သုံးနည်း ။ ။ သူက လူမိုက်ကို သွားရန်စသည်မှာ **ကိစ္စများ** ကုန်တော့မည့်အကြောင်းတစ်ရပ်ဖြစ်သည်။

**ကဏ္ဍာကောစလုပ်**

အဓိပ္ပာယ် ။ ။ *ဆန့်ကျင်ဘက်လုပ်၊*

သုံးနည်း ။ ။ ဤသူငယ်မှာ မိဘကို **ကဏ္ဍာကောစလုပ်** ၍ အိမ်ပေါ်မှ ဆင်းသွားသည်။

**ကတ်တရေကတ်တရာ**

အဓိပ္ပာယ် ။ ။ *ကတ်ကတ်သတ်သတ်၊ စေးနှဲစွာ၊*

သုံးနည်း ။ ။ ဈေးဝယ်သူတစ်ယောက်သည် အိမ်သို့ပြန်လာပြီးမှ ကြက်သွန်တစ်ဥပုပ်နေသည်ကို တွေ့ရသဖြင့် ဈေးသို့ပြန်သွားပြီး ပြန်လဲသည်မှာ **ကတ်တရေကတ်တရာ** နိုင်လှသည်။

mgyoe.com

mgyoe.com


## ကတ်တီးကတ်ဖဲ့

အဓိပ္ပာယ် ။ ။ *မဖြစ်နိုင်သည်ကို အကျပ်ကိုင်တင်းမာလျက်၊*

သုံးနည်း ။ ။ ကလေးငယ်သည် မုန့်အသစ်တစ်ချပ်ပေးသည်ကို လက်မခံ၊ ကျိုးပဲ့သွားပြီး မုန့်တစ်ချပ်ကို ပြန်ဆက်ပေးရမည်ဟု **ကတ်တီးကတ်ဖဲ့** လုပ်နေသည်။

## ကတ်သီးကတ်သတ်

အဓိပ္ပာယ် ။ ။ *မဖြစ်နိုင်အောင်ခက်ခဲစွာ၊*

သုံးနည်း ။ ။ နှစ်ယောက်ထိုင်ခုံပေါ်တွင် လူကြီးလေးယောက် **ကတ်သီးကတ်သတ်** ထိုင်နေရသည်။

## ကန်တော့ဆွမ်းလောင်း

အဓိပ္ပာယ် ။ ။ *ငြင်းပယ်၊ ခါထုတ်သည်၊*

သုံးနည်း ။ ။ မိန်းမပျိုကလေးသည် ချစ်ရေးဆိုသောသူငယ်အား မေတ္တာမပြန်ဘဲ **ကန်တော့ဆွမ်းလောင်း** လွှတ်လိုက်သည်။

## ကန်တော့ပန်းဆင်

အဓိပ္ပာယ် ။ ။ *ပရိသတ်ကို ရိုသေစွာ ထွက်ပြသည်၊*

သုံးနည်း ။ ။ သတို့သား၊ သတို့သမီးတို့သည် မင်္ဂလာပွဲသဘင်တွင် ပရိသတ်ရှေ့သို့ထွက်၍ **ကန်တော့ပန်းဆင်**သည်။

mgyoe.com

mgyoe.com



**ကန့်လန့်ကာချ**

အဓိပ္ပာယ် ။ ။ *အပြီးသတ်သည်၊ တစ်ခန်းပိတ်သည်၊*

သုံးနည်း ။ ။ သူငယ်ချင်းနှစ်ယောက်သည် ရှေ့ဆက်အငြင်းပွားနေလျှင် အချင်းချင်း မေတ္တာပျက်မည်စိုး၍ ငြင်းခုံမှုကို **ကန့်လန့်ကာချ** လိုက်သည်။

**ကိန်းကြီးခန်းကြီးလုပ်(ကိန်းခန်းလုပ်)**

အဓိပ္ပာယ် ။ ။ *ဝင့်ထည်သည်၊ ဟန်ကြီးသည်၊*

သုံးနည်း ။ ။ မိန်းကလေးသည် ယခင်က အလွန်ဖော်ရွေသော်လည်း သူဌေးသားနှင့် ရပြီးသည့်နောက် **ကိန်းကြီးခန်းကြီးလုပ်** နေသည်။

**ကိန်းသေပေါက်(ကျိန်းသေပေါက်)**

အဓိပ္ပာယ် ။ ။ *သေချာစွာ၊ မလွဲမသွေ၊*

သုံးနည်း ။ ။ ကျောင်းသားသည် စာမေးပွဲဖြေနိုင်သဖြင့် **ကိန်းသေပေါက်** အောင်ရမည်ဟု မျှော်လင့်ထားသည်။

**ကုန်ကုန်ပြောရလျှင်**

အဓိပ္ပာယ် ။ ။ *အဆုံးစွန်အားဖြင့်၊ စကားကုန်ပြောရသော်၊*

သုံးနည်း ။ ။ ကျွန်တော် မကောင်းမှုကို မကျူးလွန်ပါ။ **ကုန်ကုန်ပြောရလျှင်** မုသားပင်လျှင် လုံးဝပြောလေ့မရှိပါ။

mgyoe.com

mgyoe.com


**ကတ်ကတ်သတ်သတ်**

အဓိပ္ပာယ် ။ ။ *အတတ်နိုင်ဆုံး ကြိုးစားလျက်၊*

သုံးနည်း ။ ။ စာပြင်ဆရာသည် စာလုံးများတွင် ဝစ္စပေါက်၊ တစ်ချောင်းပုဒ်ကအစ **ကတ်ကတ်သတ်သတ်** ရှာဖွေ အမှားပြင်ထားသည်။

**ကပ်စားရပ်စား**

အဓိပ္ပာယ် ။ ။ *သူတစ်ပါးကို မှီခိုစားသောက်နေထိုင်လျက်၊*

သုံးနည်း ။ ။ အချို့လူများသည် ကိုယ်တိုင်အလုပ်ကြိုးစားလုပ်ကိုင်ခြင်းမရှိဘဲ သူတစ်ပါးအိမ်တွင် **ကပ်စားရပ်စား** လုပ်နေတတ်သည်။

**ကပ်စေးနဲ့ကော်တရာ**

အဓိပ္ပာယ် ။ ။ *အလွန်စေးနဲ့ချွေတာသူ၊*

သုံးနည်း ။ ။ ဤလူကြီးသည် **ကပ်စေးနဲကော်တရာ** ဖြစ်ရာ ဘဲဥတစ်လုံးကို ညနံနက် နှစ်နပ်ခွဲစားလေ့ရှိသည်။

**ကပ်ပါးရပ်ပါး**

အဓိပ္ပာယ် ။ ။ *တစ်ပါးသူ၏ အကြိုက်လိုက်လျက်၊*

သုံးနည်း ။ ။ ဤစာရေးသည် အထက်အရာရှိကို **ကပ်ပါးရပ်ပါး** လုပ်နေသည်မှာ ရာထူးတိုးရေးအတွက်ဖြစ်သည်။

mgyoe.com

mgyoe.com


**ကပ်မြှောင်**

အဓိပ္ပာယ် ။ ။ *သူတစ်ပါးကိုမှီခိုနေသူ၊*

သုံးနည်း ။ ။ ဤလူကြီးအိမ်မှာ **ကပ်မြှောင်** သုံးလေးယောက်ရှိ၍ သူ့ဝင်ငွေမှာလစဉ် မလုံမလောက်ဖြစ်နေရသည်။

**ကုတ်ကုတ်ကျစ်ကျစ်**

အဓိပ္ပာယ် ။ ။ *အရအမိစုဆောင်းလျက်၊*

သုံးနည်း ။ ။ ဤလူသည် ဝင်ငွေနည်းသော်လည်း **ကုတ်ကုတ်ကျစ်ကျစ်** စုဆောင်းတတ်သဖြင့် အတော်အတန် စုမိနေသည်။

**ကမ္ဘေကမ္ဘာက**

အဓိပ္ပာယ် ။ ။ *ကြာမြင့်သောအတိတ်ခေတ်က၊*

သုံးနည်း ။ ။ သူမော်ကြွားခဲ့သည်မှာ **ကမ္ဘေကမ္ဘာက** ဖြစ်၍ ယခုမူကား ဆင်းရဲမွဲတေနေပေပြီ။

**ကမ္ဘာလဆန်းတစ်ရက်နေ့**

အဓိပ္ပာယ် ။ ။ *ရောက်ရှိရန် မျှော်လင့်ချက်မရှိသော ဝေးလံကာလ၊ အတောမသတ်အနာဂတ်၊*

သုံးနည်း ။ ။ လူလိမ်တစ်ယောက်က ကျေးဇူးဆပ်မည်ဆိုသည်မှာ **ကမ္ဘာလဆန်းတစ်ရက်နေ့** မှ ဖြစ်ကောင်းဖြစ်မည်။

mgyoe.com

mgyoe.com



## ကိစ္စပြတ်

အဓိပ္ပာယ် ။ ။ *ပြီးပြတ်၊ ပြီးဆုံး၊*

သုံးနည်း ။ ။ အလုပ်ကြွေးတင်နေသည်ကို ပိတ်ရက် အနားမယူဘဲ ကြိုးစားလုပ်ဆောင်လိုက်ရာ **ကိစ္စပြတ်** သွားသည်။

## ကမ္ဘဋ္ဌာန်းရှု

အဓိပ္ပာယ် ။ ။ *စေ့စေ့စပ်စပ် စူးစိုက်ကြည့်ရှုသည်၊*

သုံးနည်း ။ ။ သူက လမ်းတွင်ရပ်၍ သစ်ပင်တစ်ပင်ကို စူးစူးစိုက်စိုက်ကြည့်နေရာ မိတ်ဆွေတစ်ယောက်က ဘာတွေ **ကမ္မဋ္ဌာန်းရှု** နေတာလဲဟု မေးသည်။

## ကမ္မသကာ

အဓိပ္ပာယ် ။ ။ *ကံအကြောင်းအားလျော်စွာ၊*

သုံးနည်း ။ ။ သူ့ရောဂါကတော့ ကုရတော့မည် မဟုတ်ဘူး၊ **ကမ္မသကာ** ပဲ အောက်မေ့ရတာပဲ။

## ကမ်းနားသစ်ပင်

အဓိပ္ပာယ် ။ ။ *အတည်အမြဲမရှိနိုင်သောအရာ၊*

သုံးနည်း ။ ။ ဤအလုပ်မှာ ယာယီဖြစ်၍ **ကမ်းနားသစ်ပင်လို** ဖြစ်သည်။ စိတ်ချထားရန် မသင့်ပေ။

mgyoe.com

mgyoe.com



## ကယ်တင်ရှင်

အဓိပ္ပာယ် ။ ။ *သူတစ်ပါးကို အနစ်နာခံ၍ ကယ်မ ထားသူ၊*

သုံးနည်း ။ ။ ဤသူငယ်သည် ချစ်သူပစ်သွားသော မိန်းကလေးကို **ကယ်တင်ရှင်** လုပ်၍ ကူညီသောအားဖြင့် လက်ထပ်ခဲ့သည်။

## ကျားကုတ်ကျားခဲ

အဓိပ္ပာယ် ။ ။ *ခဲရာခဲဆစ်၊ ကြိုးစားပမ်းစား။*

သုံးနည်း ။ ။ လွတ်လပ်ရေးရခဲ့သည်မှာ လွယ်လင့်တကူမဟုတ်ပေ။ ခေါင်းဆောင်ကြီးများ **ကျားကုတ်ကျားခဲ** ကြိုးပမ်းဆောင်ရွက်၍ ရလာသည်။

## ကျားကျားမီးယပ်

အဓိပ္ပာယ် ။ ။ *မိမိထင်ရာကို ဇွတ်ဆုပ်ကိုင်လျက်၊*

သုံးနည်း ။ ။ ဤလူသည် အကျိုးအကြောင်း ရှင်းပြ၍ လက်မခံ။ ဘာပဲဖြစ်ဖြစ် သူလုပ်ချင်ရာကို **ကျားကျားမီးယပ်** လုပ်သည်။

## ကျားကျားလျားလျား

အဓိပ္ပာယ် ။ ။ *ယောကျ်ားပီသစွာ အပင်ပန်းခံလျက်၊*

သုံးနည်း ။ ။ ပင်ပန်းသောအလုပ်ကို **ကျားကျားလျားလျား** လုပ်နိုင်မှ လူတော်ဖြစ်လာမည်။

mgyoe.com

mgyoe.com


## ကျားပိန်တွယ်တွယ်

အဓိပ္ပာယ် ။ ။ *စွဲမြဲစွာ ဖက်တွယ်လျက်၊*

သုံးနည်း ။ ။ ကလေးငယ်သည် မထွက်သော မိခင်နို့ကို **ကျားပိန်တွယ်တွယ်** လျက် စို့နေသည်။

## ကျားမြီးဆွဲမိ

အဓိပ္ပာယ် ။ ။ *ဆုတ်ရအခက်၊ တက်ရအခက်ဖြစ်လျက်၊*

သုံးနည်း ။ ။ ဤလုပ်ငန်းကို စမိသည်မှာ ရပ်လျှင်လည်း ရှုံး၊ ဆက်လုပ်လျှင်လည်း ပင်ပန်းရုံမျှသာ အဖတ်တင်၍ **ကျားမြီးဆွဲမိ** နေပြီ။

## ကျားရှေ့မှောက်လျက်လဲ

အဓိပ္ပာယ် ။ ။ *အပြစ်ယူသူရှေ့တွင် ပက်ပင်းတိုးကာ အပြစ်ပြုမိသည်။*

သုံးနည်း ။ ။ ကျောင်းသားသည် ကျောင်းပြေးရာမှ နေအိမ်သို့ အပြန်တွင် ဆရာကြီးနှင့် တိုးနေသည်မှာ **ကျားရှေ့မှောက်လျက်လဲ** ဖြစ်နေသည်။

## ကျားလိုက်တုတ်ခုတ်

အဓိပ္ပာယ် ။ ။ *အကြောင်းရှိမှ အရေးပေါ်လုပ်သည်၊*

သုံးနည်း ။ ။ ဤထမင်းဟင်းမှာ ညှော်သည်ရောက်မှ **ကျားလိုက်တုတ်ခုတ်** ရရာကို ချက်ပြုတ်ထားသဖြင့် ကောင်းလှမည်မဟုတ်ပေ။

mgyoe.com

mgyoe.com



**ကျားသားမိုးကြိုး**

အဓိပ္ပာယ် ။ ။ *မဖြစ်စကောင်းဖြစ်လျက်၊*

သုံးနည်း ။ ။ **ကျားသားမိုးကြိုး** သေပြီဆို၍ မြေမြှုပ်ခါနီးမှ အသက်ရှင်လာသည်ဆိုသည်မှာ ယုံရခက်လှသည်။

**ကျားသေအသက်သွင်း**

အဓိပ္ပာယ် ။ ။ *မိမိအပြစ်သင့်မည့် အမှားကိုပြုမိသည်၊*

သုံးနည်း ။ ။ လူလိမ်တစ်ယောက်ကို သနားသဖြင့် အာမခံလိုက်မိရာ မိမိကိုယ်တိုင် အလိမ်ခံရသည့်အခါမှ **ကျားသေကို အသက်သွင်း** မိကြောင်း သိရသည်။

**ကျိုပိုးကျိုပတ်**

အဓိပ္ပာယ် ။ ။ *ရောဝင်ဆက်ဆံလျက်၊*

သုံးနည်း ။ ။ ဤမိန်းကလေးသည် ကလေးငယ်များကို **ကျိုပိုးကျိုပတ်** အရောတဝင်နေတတ်သဖြင့် ကလေးများက သူ့ကို မရှိသေကြပေ။

**ကျီးကန်းတောင်းမှောက်**

အဓိပ္ပာယ် ။ ။ *ဟိုကြည့်သည်ကြည့် ထိတ်ထိတ်ပျာပျာ အထူးသတိပြု စူးစမ်းကြည့်လျက်၊*

သုံးနည်း ။ ။ ရန်ကုန်မြို့သို့ မရောက်ဖူးသော ကလေးသည် အရာရာကို **ကျီးကန်းတောင်းမှောက်** ကြည့်နေမိသည်။ ဝယ်သူများလှသဖြင့် ဆိုင်ရှင်သည် ဝယ်သူများကို **ကျီးကန်းတောင်းမှောက်** ကြည့်နေရသည်။

mgyoe.com

mgyoe.com



## ကျီးကြည့်ကြောင်ကြည့်

အဓိပ္ပာယ် ။ ။ *ဘာလုပ်ရမည်မသိကြောင်အမ်းလျက်၊*

သုံးနည်း ။ ။ အလှူအခမ်းအနားသို့ အချိန်စော၍ ရောက်လာသူမှာ ဧည့်ခံကြိုဆိုသူမတွေ့ရသဖြင့် **ကျီးကြည့်ကြောင်ကြည့်** ဖြစ်ကာ နီးရာနေရာတွင် ဝင်ထိုင်လိုက်ရသည်။

## ကျီးစောင့်ကြက်နှင်

အဓိပ္ပာယ် ။ ။ *အနည်းအပါး ကူညီမှု၊*

သုံးနည်း ။ ။ လူအိုလူမင်းများကို အိမ်မှာထားရသည်မှာ အလုပ်အကိုင်တွင် ကူဖော်လောင်ဖက်မရသော်လည်း **ကျီးစောင့်ကြက်နှင်** အသုံးကျသည်။

## ကျီးနှင့်ဖုတ်ဖုတ်

အဓိပ္ပာယ် ။ ။ *တိတ်ဆိတ်ခြောက်သွေ့လျက်၊*

သုံးနည်း ။ ။ စစ်အတွင်းက တောရွာများသို့ ပြောင်းရွှေ့၍ ခိုလှုံနေကြသောကြောင့် မြို့ပေါ်တွင် **ကျီးနှင့်ဖုတ်ဖုတ်** ဖြစ်ကျန်ခဲ့သည်။

## ကျီးလန့်စာစား

အဓိပ္ပာယ် ။ ။ *အထိတ်တလန့်၊*

သုံးနည်း ။ ။ ကောလာဟလ သတင်းများကြောင့် **ကျီးလန့်စာစား** မဖြစ်အောင် သတိပေးနေရသည်။

mgyoe.com

mgyoe.com



**ကျေးစာငှက်စာ**

အဓိပ္ပာယ် ။ ။ *အနည်းအပါးမျှ၊*

သုံးနည်း ။ ။ ယနေ့နံနက်ထမင်းစားကောင်းလှသောကြောင့် နှစ်ယောက်စာချက်ထားသည်မှာ **ကျေးစာငှက်စာ** သာ ကျန်တော့သည်။

**ကျေးဇူးခံကျေးဇူးစား**

အဓိပ္ပာယ် ။ ။ *ကျေးဇူးအပြုခံရသူ၊*

သုံးနည်း ။ ။ ကျွန်တော်သည်သူ၏ **ကျေးဇူးခံကျေးဇူးစား** မဟုတ်သော်လည်း ကူညီစရာရှိလျှင် ရက်ရက်ရောရော ကူညီပါသည်။

**ကျောခိုင်း**

အဓိပ္ပာယ် ။ ။ *စွန့်ခွာပစ်ပယ်သည်။*

သုံးနည်း ။ ။ အလုပ်လုပ်စက သဘောတူပူးပေါင်းခဲ့သော်လည်း နောက်ကာလတွင် သူက ထိုအလုပ်ကို **ကျောခိုင်း** သွားသည်။

**ကျောခိုင်းနံစပ်**

အဓိပ္ပာယ် ။ ။ *နယ်ခြားချင်းစပ်လျက်၊*

သုံးနည်း ။ ။ ဤရွာနှစ်ရွာမှာ တစ်ရွာနှင့်တစ်ရွာ မဝေးကွာလှဘဲ **ကျောခိုင်းနံစပ်** တည်ရှိကြသည်။

mgyoe.com

mgyoe.com



## ကျောထောက်နောက်ခံ

အဓိပ္ပာယ် ။ ။ *နောက်ပိုင်းမှ ထောက်ခံပံ့ပိုးသူ၊*

သုံးနည်း ။ ။ သူက အထက်တန်းပညာသင်ချင်သော်လည်း **ကျော ထောက်နောက်ခံ** မရှိသဖြင့် အခက်အခဲ တွေ့နေရသည်။

## ကျောပူခေါင်းပူ

အဓိပ္ပာယ် ။ ။ *ယာယီအနည်းငယ် ဖျားနာမှု၊*

သုံးနည်း ။ ။ ကလေးအတွက် စိုးရိမ်စရာမရှိပါ၊ **ကျောပူခေါင်းပူ** မျှလောက်ဖြစ်၍ ရက်အနည်းငယ်အတွင်း နေကောင်းသွားပါမည်။

## ကျောသားရင်သားမခွဲ

အဓိပ္ပာယ် ။ ။ *တန်းတူပြုလျက်၊*

သုံးနည်း ။ ။ နိုင်ငံတော်က တိုင်းရင်းသားအားလုံး **ကျောသားရင် သားမခွဲ** ဘဲ စောင့်ရှောက်ကူညီသည်။

## ကျောသပ်သည်

အဓိပ္ပာယ် ။ ။ *ချော့မော့မြှောက်ပင့်သည်၊*

သုံးနည်း ။ ။ စာတော်သော ကျောင်းသားအား ဆရာကြီးက **ကျောသပ်** ထားသည်။

mgyoe.com

mgyoe.com



**ကျောသပ်ရင်သပ်**

အဓိပ္ပာယ် ။ ။ *မရိုးမသားဆက်ဆံသည်၊*

သုံးနည်း ။ ။ သူဌေးကြီးက ကလေးမကလေးကို **ကျောသပ်ရင်သပ်** ဆက်ဆံနေရန် မသင့်ပေ။

**ကျိုးတိုးကျဲတဲ**

အဓိပ္ပာယ် ။ ။ *ဖရိုဖရဲ၊ သပ်ရပ်စနစ်ကျမှု မရှိဘဲ၊*

သုံးနည်း ။ ။ ခြံထဲတွင် သစ်ပင်များ တန်းစီစိုက်ထားရာ အချို့အပင်များ သေကုန်သဖြင့် **ကျိုးတိုးကျဲတဲ** သာ ကျန်တော့သည်။

**ကျောက်ချ**

အဓိပ္ပာယ် ။ ။ *ကြာရှည်ထိုင်လျက်၊*

သုံးနည်း ။ ။ သူများအိမ်ကို လည်ပတ်သည့်အခါ အိမ်ရှင်အရိပ်အကဲကို မသိဘဲ **ကျောက်ချ** ထိုင်မနေသင့်ပေ။

**ကျောင်းအိပ်ကျောင်းစား**

အဓိပ္ပာယ် ။ ။ *ကျောင်းမှာပင် နေထိုင်ပညာသင်စနစ်၊*

သုံးနည်း ။ ။ တောရွာမှ မိဘများသည် သူတို့သားကိုမြို့ပေါ်တွင် **ကျောင်းအိပ်ကျောင်းစား** ထား၍ ပညာသင်စေသည်။

**ကျပ်ပြည့်တင်းပြည့်**

အဓိပ္ပာယ် ။ ။ *ပြည့်ပြည့်ဝဝ၊*

သုံးနည်း ။ ။ အခွင့်အရေးကို **ကျပ်ပြည့်တင်းပြည့်** ယူချင်လျှင်

mgyoe.com

mgyoe.com


အလုပ်တာဝန်ကိုလည်း ကျေပွန်အောင် လုပ်တတ်ရမည်။

**ကျမ်းကြီးကျမ်းခိုင်**

အဓိပ္ပာယ် ॥ ॥ *ခိုင်မာသောအထောက်အထား၊*

သုံးနည်း ॥ ॥ ဤသူရေးသော စာများက **ကျမ်းကြီးကျမ်းခိုင်** ကို ကိုးကားထားတာမဟုတ်တော့ လက်ခံဖို့ ခက်သားပဲ။

**ကြားချောင်**

အဓိပ္ပာယ် ॥ ॥ *စပ်ကြားတွင် တာဝန်မဲ့ ဖြစ်နေသည်၊*

သုံးနည်း ॥ ॥ ညီအစ်ကို သုံးယောက်တွင် အကြီးနှင့်အငယ်က အိမ်အလုပ်တွေ လုပ်သလောက် အလတ်တစ်ယောက်မှာ **ကြားချောင်** နေသည်။

**ကြားပြင်းကတ်**

အဓိပ္ပာယ် ॥ ॥ *နားမထောင်ချင်စရာဖြစ်သည်၊ နားကလောသည်၊*

သုံးနည်း ॥ ॥ သူက ဘာပညာမှ မသင်ခဲ့ရဘဲ အမြဲကြွားဝင့်ပြောနေတတ်သဖြင့် နား **ကြားပြင်းကတ်** လှသည်။

**ကြီးစဉ်ငယ်လိုက်**

အဓိပ္ပာယ် ॥ ॥ *အကြီးက ရှေ့၊ အငယ်က နောက်အစဉ်အားဖြင့်၊*

သုံးနည်း ॥ ॥ ဆွမ်းခံ ကိုရင်များသည် **ကြီးစဉ်ငယ်လိုက်** တန်းစီကြွကြသည်။

mgyoe.com

mgyoe.com


**ကြီးတောင်ကြီးမား (ကြီးကောင်ကြီးမား)**

အဓိပ္ပာယ် ။ ။ *အရွယ်ကြီးပြင်းနေပါလျက်၊*

သုံးနည်း ။ ။ **ကြီးကောင်ကြီးမား** ကြီးနှင့် ကျောင်းမနေဘဲနေ သည်မှာ အလွန်ကဲ့ရဲ့စရာဖြစ်ရသည်။

**ကြီးနိုင်ငယ်ညှဉ်း**

အဓိပ္ပာယ် ။ ။ *အနိုင်အထက်ပြုသည်၊*

သုံးနည်း ။ ။ ကျောင်းသားထဲတွင် **ကြီးနိုင်ငယ်ညှဉ်း** လုပ်တတ် သူကို မည်သူမျှ အပေါင်းအသင်း မလုပ်လိုပေ။

**ကြေးရည်တတ် (ကြေးရတတ်)**

အဓိပ္ပာယ် ။ ။ *ငွေကြေးချောင်လည်ကြွယ်ဝသူ၊*

သုံးနည်း ။ ။ သူက **ကြေးရည်တတ်** သားသမီးဖြစ်ပေမဲ့ ဝင့်ဝင့် ကြွားကြွား မနေတတ်ပါ။

**ကြံ့ကြီးစည်ရာ (ကြံ့ကောင်းစည်ရာ)**

အဓိပ္ပာယ် ။ ။ *အထူးအဆန်းစိတ်ကူးလျက်၊ မကြံသင့်သောအရာ၊*

သုံးနည်း ။ ။ ဤသူငယ်က ရေပေါ်မှာလမ်းလျှောက်ပြဖို့ ကြံစည် နေသည်မှာ **ကြံကြီးစည်ရာ** နိုင်လှသည်။

**ကြက်ကန်းဆန်အိုးတိုး**

အဓိပ္ပာယ် ။ ။ *မထိုက်မတန်ဘဲ၊ ကံအားလျော်စွာရသည်၊*

သုံးနည်း ။ ။ စာမကျက်သော ကျောင်းသားအောင်မှတ်ရသည်မှာ **ကြက်ကန်းဆန်အိုးတိုး** ခြင်းသာ ဖြစ်သည်။

mgyoe.com

mgyoe.com


## ကြက်တောင်စိုက်

အဓိပ္ပာယ် ။ ။ *အစီအရီပေါ်များစွာ၊*

သုံးနည်း ။ ။ မြစ်ထဲတွင် ရွက်လှေများ စုန်လာသည်မှာ **ကြက်တောင်စိုက်** စည်ကားလှသည်။

## ကြက်တွန့်တက်(ထပ်တွန့်တက်)

အဓိပ္ပာယ် ။ ။ *ထပ်ဆင့်စောဒက တက်သည်၊*

သုံးနည်း ။ ။ လူကြီးသူမဆုံးမစကား ပြောနေသည့်အခါ လူငယ်က **ကြက်တွန့်တက်** နေရန် မသင့်ပေ။

## ကြက်ပျံမကျ

အဓိပ္ပာယ် ။ ။ *ပရိသတ်ထုထည်များပြားစွာ၊*

သုံးနည်း ။ ။ ဘုရားပွဲတော်မှာ **ကြက်ပျံမကျ** စည်ကားလှသည်ကို တွေ့ရသည်။

## ကြက်ပျောက်ငှက်ပျောက်

အဓိပ္ပာယ် ။ ။ *လုံးဝဆုတ်ရှား ကွယ်ပျောက်လျက်၊*

သုံးနည်း ။ ။ ရဲသားများ ကင်းလှည့်နေသောကြောင့် သူခိုးသူဝှက်များ **ကြက်ပျောက်ငှက်ပျောက်** သွားကြသည်။

## ကြက်အိပ်ကြက်နိုး

အဓိပ္ပာယ် ။ ။ *နိုးချည်ပျော်ချည်၊*

သုံးနည်း ။ ။ နံနက်စောစောခရီးထွက်ရမည်ကို စိတ်စောနေသဖြင့် ညက အိပ်မပျော်ဘဲ **ကြက်အိပ်ကြက်နိုး** မျှသာ အိပ်နိုင်ခဲ့သည်။

mgyoe.com

mgyoe.com



**ကြောက်ကျွဲခတ်**

အဓိပ္ပာယ် ။ ။ *ကြောက်လန့်နေသူက အပြင်းအထန် တုံ့ပြန်ခုခံသည်။*

သုံးနည်း ။ ။ အားနည်းသော ကလေးတစ်ယောက်ကို ကြီးသော ကျောင်းသားတစ်ယောက်က အမြဲနှိပ်စက်ရန်စလေ့ ရှိရာ တစ်နေ့တွင် ကလေးက **ကြောက်ကျွဲခတ်** လိုက်သဖြင့် ကျောင်းသားကြီး ဒဏ်ရာအကြီးအကျယ် ရရှိသွားသည်။

**ကြောက်ဒူးတုန်**

အဓိပ္ပာယ် ။ ။ *အလွန်အမင်း ကြောက်လန့်စွာ၊*

သုံးနည်း ။ ။ အလေးခိုးသောသူများသည် မိုးကြိုးပစ်သောအခါ **ကြောက်ဒူးတုန်** နေကြသည်။

**ကြောက်အားလန့်အား**

အဓိပ္ပာယ် ။ ။ *ကြောက်လန့်မှုအဟုန်ဖြင့်၊*

သုံးနည်း ။ ။ သူငယ်လေးသည် လှေလူးသဖြင့် **ကြောက်အား လန့်အား** နှင့် ရေထဲသို့ ခုန်ချလိုက်သည်။

**ကြောင်ကျကျသည်**

အဓိပ္ပာယ် ။ ။ *သက်သာစွာ ခံစားရသည်၊*

သုံးနည်း ။ ။ ပါးနပ်သော ကုန်သည်က ဈေးမကျမီ ပစ္စည်းများ ထုတ်ရောင်းနှင့်သဖြင့် ဈေးထိုးကျသောအခါ ဆုံးရှုံး မှုမရှိ **ကြောင်ကျကျ** သွားသည်။

mgyoe.com

mgyoe.com



**ကြောင်တောင်နိုက်**

အဓိပ္ပာယ် ။ ။ *ပြောင်ပြောင်ပင် မတရားပြုမူသည်၊*

သုံးနည်း ။ ။ စာရိတ္တပျက်သော မိန်းကလေးသည် မယားရှိလင်ကို **ကြောင်တောင်နိုက်** ၍ယူထားသည်။

**ကြောင်ပုစွန်စား**

အဓိပ္ပာယ် ။ ။ *ကျေညက်စွာတောက်လျှောက်၊*

သုံးနည်း ။ ။ ကိုရင်ကလေးစာကျက်နာသဖြင့် စာပြန်ပွဲတွင် **ကြောင်ပုစွန်စား** စာပြန်နိုင်စွမ်းသည်။

**ကြောင်လက်သည်းဝှက်**

အဓိပ္ပာယ် ။ ။ *အစွမ်းမပြသေးဘဲ သိုဝှက်ထားသည်၊*

သုံးနည်း ။ ။ ဤသူသည် ပညာအလွန်တတ်သော်လည်း **ကြောင်လက်သည်းဝှက်** နေထိုင်သဖြင့် အခြားစာတ်မသိသူများက အထင်မကြီးကြပေ။

**ကြောင်သူတော်**

အဓိပ္ပာယ် ။ ။ *သူတော်ကောင်းယောင်ဆောင်နေသူ၊*

သုံးနည်း ။ ။ ဤလူကြီးမှာ စိပ်ပုတီးလည်တွင်ဆွဲထားသော်လည်း **ကြောင်သူတော်** ဖြစ်မှန်း တစ်ရပ်လုံးက သိကြသည်။

mgyoe.com

mgyoe.com



## ကြောင်းမတန်(အကြောင်းမတန်)

အဓိပ္ပာယ် ။ ။ *အလွန်အမင်း၊*

သုံးနည်း ။ ။ ဒီသူငယ်ကလေးကလည်း ဆော့လိုက်တာ **ကြောင်းမတန်** ပဲဟု အဘွားက မြည်တွန်တောက်တီးနေသည်။

## ကြည့်ပျော်ရှုပျော်

အဓိပ္ပာယ် ။ ။ *အတော်အသင့် ကောင်းမွန်လှပလျက်၊*

သုံးနည်း ။ ။ သူလက်ထပ်မည့် မိန်းကလေးမှာ အချောအလှကြီး မဟုတ်စေကာမူ **ကြည့်ပျော်ရှုပျော်** ရှိသည်။

## ကြိုတ်ထဲမှာကြွေအပြည့်

အဓိပ္ပာယ် ။ ။ *ပြည့်ကျပ်နေသည်၊*

သုံးနည်း ။ ။ အိမ်ကလေးတစ်လုံးတွင် မိသားစု ဆယ်ယောက်နေထိုင်သဖြင့် **ကြိုတ်ထဲမှာကြွေအပြည့်** ဖြစ်နေသည်။

## ကြမ်းကြားလေကြား

အဓိပ္ပာယ် ။ ။ *အခြားသူများသိကြားရဖွယ်ရှိလျက်၊*

သုံးနည်း ။ ။ သူတစ်ပါးမကောင်းကြောင်းကို **ကြမ်းကြားလေကြား** မပြောသင့်ပေ။

## ကြမ်းတစ်ပြေးတည်း

အဓိပ္ပာယ် ။ ။ *ကြမ်းပြင်တစ်ခုတည်းတွင်၊*

သုံးနည်း ။ ။ ကလေးသူငယ်တွေကို သက်ကြီးဝါကြီးတွေနှင့် **ကြမ်းတစ်ပြေးတည်း** မနေစေအပ်။

mgyoe.com

mgyoe.com


## ကြိုတ်မနိုင်ခဲမရ

အဓိပ္ပာယ် ။ ။ *မကျေမနပ်၊ ဆောက်တည်ရာမရဘဲ၊*

သုံးနည်း ။ ။ ကျောင်းသားတစ်ယောက်သည် စာကြိုးစားပါလျက် ပုစ္ဆာတစ်ပုဒ်မှားတွက်မိသဖြင့် အမှတ်နည်းသွားသောကြောင့် ဂုဏ်ထူးမရသည့်အတွက် **ကြိုတ်မနိုင်ခဲမရ** ဖြစ်နေသည်။

## ကြိုတ်ကြိုတ်တိုး

အဓိပ္ပာယ် ။ ။ *အလွန်စည်ကားလျက်၊*

သုံးနည်း ။ ။ ယခုနှစ် ရွာဘုရားပွဲတော်မှာ **ကြိတ်ကြိတ်တိုး** စည်ကားလှသည်။

## ကြိမ်တို့

အဓိပ္ပာယ် ။ ။ *အမြဲသတိပေးနှိုးဆော်ရသည်၊*

သုံးနည်း ။ ။ စာမေးပွဲနီးနေပြီဖြစ်၍ ကလေးများ စာကျက်ရန် **ကြိမ်တို့** ပေးနေရသည်။

## ကွေ့လည်ကြောင်ပတ်

အဓိပ္ပာယ် ။ ။ *လိုရင်းမရောက်အောင် သွယ်ဝိုက်လှီးလွှဲလျက်၊*

သုံးနည်း ။ ။ အိမ်ရှင်မသည် သူ့လင်အကြောင်းကို မပြောလိုသဖြင့် **ကွေ့လည်ကြောင်ပတ်** ဖြေကြားသည်။

mgyoe.com

mgyoe.com


**ကွက်စိပ်ရိုက် (စည်းလားရိုက်)**

အဓိပ္ပာယ် ။ ။ *အသေးစိတ်တိုင်ပင် ညှိနှိုင်းသည်၊*

သုံးနည်း ။ ။ လူငယ်များသည် ကျောင်းပိတ်သောအခါ လျှောက်လည်ရန် **ကွက်စိပ်ရိုက်** ထားကြသည်။

**ကွင်းကွင်းကွက်ကွက်**

အဓိပ္ပာယ် ။ ။ *ရှင်းလင်းကွဲပြားစွာ၊*

သုံးနည်း ။ ။ စကားပြောကောင်းသူသည် မိမိလိုရာကို **ကွင်းကွင်းကွက်ကွက်** ပေါ်အောင် ပြောဆိုတတ်သည်။

**ကွင်းလုံးကျွတ်**

အဓိပ္ပာယ် ။ ။ *ခြွင်းချက်မရှိ၊ လုံး၀၊*

သုံးနည်း ။ ။ ဤသူသည်တရားရုံးတွင် အစစ်အဆေးခံရပြီး အပြစ်မရှိ၍ **ကွင်းလုံးကျွတ်** လွတ်သွားသည်။

**ကွန်ချာယှက်**

အဓိပ္ပာယ် ။ ။ *အနှံ့အပြားသွယ်တန်းကူးဆက်နေသည်၊*

သုံးနည်း ။ ။ ယခုအခါ မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်လျက်ရှိ၍ တစ်ပြည်လုံး **ကွန်ချာယှက်** နေသည်။

**ကွန်းထောက်ချ**

အဓိပ္ပာယ် ။ ။ *လမ်းခရီးတွင်တစ်ထောက်တန့်နားသည်၊*

သုံးနည်း ။ ။ အရက်သမားသည်ဆိုင်မှ အိမ်သို့အပြန်လမ်းထိပ်ညောင်ပင်အောက်တွင် **ကွန်းထောက်ချ** ပြန်သည်။

mgyoe.com

mgyoe.com



## ကွမ်းတောင်ကိုင်

အဓိပ္ပာယ် ॥ ॥ *ရပ်ရွာတွင် အချောဆုံးမိန်းကလေး၊*

သုံးနည်း ॥ ॥ သူ့မိခင်မှာ ငယ်စဉ်က ရွာထဲတွင် **ကွမ်းတောင်ကိုင်** ဖြစ်ခဲ့သည်။

## ကွမ်းတစ်ယာညက်

အဓိပ္ပာယ် ॥ ॥ *တစ်ခဏအတွင်း၊*

သုံးနည်း ॥ ॥ ရေကူးသမားသည် **ကွမ်းတစ်ယာညက်** ခန့်အတွင်း မြစ်ကိုဖြတ်ကူးနိုင်ခဲ့သည်။

## ကျွဲကူးရေပါ

အဓိပ္ပာယ် ॥ ॥ *တစ်ပါတည်း၊*

သုံးနည်း ॥ ॥ ဆရာရှင်းပြရာတွင် အဓိပ္ပာယ်ရော၊ စာလုံးပေါင်းကိုပါ **ကျွဲကူးရေပါ** ရှင်းပြသည်။

## ကျွဲပါးစောင်းတီး

အဓိပ္ပာယ် ॥ ॥ *အရာမရောက်ဘဲ၊*

သုံးနည်း ॥ ॥ လူပျင်းကို အလုပ်ကြိုးစားရန် တရားချရသည်မှာ **ကျွဲပါးစောင်းတီး** ဖြစ်နေသည်။

## ကျွဲရိုက်နွားရိုက်

အဓိပ္ပာယ် ॥ ॥ *ပြင်းထန်စွာရိုက်လျက်၊*

သုံးနည်း ॥ ॥ ထိုလူကြီးသည် အိမ်မှ ပိုက်ဆံခိုးသော သားအား **ကျွဲရိုက်နွားရိုက်** ရိုက်နှက်ဆုံးမသဖြင့် အိမ်နီးချင်းများက တားဆီးရသည်။

mgyoe.com

mgyoe.com



**ကွဲစောင်းစောင်း**

အဓိပ္ပာယ် ။ ။ *မသေဝပ်ဘဲ၊*

သုံးနည်း ။ ။ ထိုသူငယ်သည် ပင်ကိုက ရိုးသားသော်လည်း မိဘ အလိုလိုက်သည့်အပြင် အပေါင်းအသင်းမှားသော ကြောင့် **ကွဲစောင်းစောင်း** ဖြစ်လာသည်။

**ကြွားလုံးထုတ်**

အဓိပ္ပာယ် ။ ။ *ကြွားဝါသည်၊*

သုံးနည်း ။ ။ ဤလူငယ်သည် သူငယ်ချင်းများအား သူမည်မျှ စွံ သည်ကို **ကြွားလုံးထုတ်** သည်။

**ကြွေးလည်ပင်းခိုက်**

အဓိပ္ပာယ် ။ ။ *အလွန်ကြွေးထူသည်၊*

သုံးနည်း ။ ။ ဈေးသည်ကလေးသည် နေ့ပြန်တိုးယူ၍ ရင်းရာမှ အကြိမ်ကြိမ် ရှုံးသဖြင့် **ကြွေးလည်ပင်းခိုက်** နေ သည်။

**ကြွက်မြီးတန်း (ညောင်စေးကျ ပေါက်စေးကျ)**

အဓိပ္ပာယ် ။ ။ *စေးပျစ်လာသည်၊*

သုံးနည်း ။ ။ ယိုထိုးရာတွင် သကြားကို ကျိုရာ၌ ယောက်မနှင့် ကော်ကြည့်၍ **ကြွက်မြီးတန်း** လာလျှင် ချနိုင် သည်။



mgyoe.com

mgyoe.com

## [ခ] အက္ခရာ စကားစုများ

**ခဏတစ်ဖြုတ်**

အဓိပ္ပာယ် ။ ။ *အခိုက်အတန့်မျှ၊ မကြာရှည်ဘဲ၊*

သုံးနည်း ။ ။ ရောက်လာသည့် ဧည့်သည်များမှာ **ခဏတစ်ဖြုတ်** တည်းခိုမည့်သူများဖြစ်သည်။

**ခနော်ခနဲ့ (ချည်နော်ချည်နဲ့)**

အဓိပ္ပာယ် ။ ။ *မခိုင်မခံ့၊*

သုံးနည်း ။ ။ တဲကလေးကို **ခနော်ခနဲ့** ဆောက်ထားသဖြင့် လေအနည်းငယ်ပြင်းပြင်းတိုက်ရုံနှင့် ပြိုကျသွားသည်။

**ခရီးရောက်မဆိုက်**

အဓိပ္ပာယ် ။ ။ *ရောက်လျှင်ရောက်ချင်း၊ ရောက်ပြီးချက်ချင်း၊*

သုံးနည်း ။ ။ အိမ်ရှင်မသည် လင်ယောကျ်ားပြန်လာ၍ **ခရီးရောက်မဆိုက်** တွင် လူလိမ်တစ်ယောက် လိမ်သွားကြောင်း ဆီး၍ ပြောသည်။

mgyoe.com

mgyoe.com


**ခရီးလမ်းဆုံး**

အဓိပ္ပာယ် ။ ။ *အဆုံးစွန်အားဖြင့်၊*

သုံးနည်း ။ ။ ကျွန်တော်သည် သူ့ကို **ခရီးလမ်းဆုံး** ပြောရလျှင် မည်သည့်အခါမှ မျက်နှာချင်းမဆိုင်လိုပါ။

**ခရုခါးတောင်းကျိုက်ဖမ်း**

အဓိပ္ပာယ် ။ ။ *လိုအပ်သည်ထက်ပိုကာ အင်အားစိုက်ထုတ်လျက်၊*

သုံးနည်း ။ ။ ဤလူကြီးသည် တဲကလေးတစ်လုံးထိုးရန်အတွက် လက်သမားဆယ့်ငါးယောက်ခေါ်ယူနေသည်မှာ **ခရုခါးတောင်းကျိုက်၍ဖမ်း** နေခြင်း ဖြစ်သည်။

**ခရေစေ့တွင်းကျ (ခရာစေ့တွင်းကျ၊ ချယားစေ့တွင်းကျ)**

အဓိပ္ပာယ် ။ ။ *အသေးစိတ် စုံလင်စွာ၊*

သုံးနည်း ။ ။ အိမ်ရှင်သည် သူခိုးဖမ်းမိပုံကို သူခိုးချဉ်းကပ်လာပုံကအစ **ခရေစေ့တွင်းကျ** ပြောပြနေသည်။

**ခရော်ခရွတ်**

အဓိပ္ပာယ် ။ ။ *မသေမချာ၊ ပျက်လွယ်စီးလွယ်၊*

သုံးနည်း ။ ။ တံမြက်စည်းလုပ်ရောင်းသူမှာ **ခရော်ခရွတ်** လုပ်ထားသဖြင့် လေးငါးရက်သုံးရုံဖြင့် အမှင်များ ကျွတ်ထွက်ကုန်သည်။

mgyoe.com

mgyoe.com


## ခလီခလောက်

အဓိပ္ပာယ် ။ ။ *ကြားဝင်ကုန်းချောလျက်၊*

သုံးနည်း ။ ။ ထိုမိန်းမကြီးက သူတို့လင်မယားကြားတွင် **ခလီခလောက်** ပြောသဖြင့် လင်မယား ရန်ဖြစ်ကြသည်။

## ခလောက်ဆန်

အဓိပ္ပာယ် ။ ။ *အတွင်း၌ ပွေရှုပ်နှောင့်ယှက်သည်၊*

သုံးနည်း ။ ။ ဤအမျိုးသမီးတစ်ဦး **ခလောက်ဆန်** သဖြင့် အလုပ်သမများ စိတ်ဝမ်းကွဲကြသည်။

## ခလုတ်တံသင်း

အဓိပ္ပာယ် ။ ။ *အနှောင့်အယှက်၊ အတားအဆီး၊*

သုံးနည်း ။ ။ တပ်မတော်သားများသည် ရပ်ရွာအေးချမ်းရေးအတွက် ရန်သူ **ခလုတ်တံသင်း** များကို ရှင်းလင်းချေမှုန်းပစ်သည်။

## ခါတော်မီ

အဓိပ္ပာယ် ။ ။ *အချိန်အခါမီပေါ်ထွက်လာသူ၊*

သုံးနည်း ။ ။ သူကရောင်းနေကျ မုန့်ဟင်းခါးသည် မဟုတ်ချေ။ ပွဲတော်တွင်းမို့ **ခါတော်မီ** ထွက်ရောင်းသူသာ ဖြစ်သည်။

mgyoe.com

mgyoe.com



**ခါလည်ခါကျူး (နှစ်လည်ခါကျူး)**

အဓိပ္ပာယ် ။ ။ *နှစ်ကာလကြာရှည်စွာ၊*

သုံးနည်း ။ ။ သူ့လင်ယောကျ်ားသည် စီးပွားရှာရန် တစ်နယ်တစ်ကျေးသို့ **ခါလည်ခါကျူး** သွားရောက်အလုပ်လုပ်ရသည်။

**ခါးခါးသီး**

အဓိပ္ပာယ် ။ ။ *လုံးဝပီပြင်စွာ၊ စက်ဆုပ်လျက်၊*

သုံးနည်း ။ ။ သူသည် စာအုပ်ငှားပြီး ပြန်ပေးလေ့မရှိသဖြင့် သူငှားသည့်အခါ **ခါးခါးသီး** ငြင်းပယ်လွှတ်ကြသည်။

**ခါးစောင်းတင်**

အဓိပ္ပာယ် ။ ။ *နိုင်နင်းစွာ ထိန်းကိုင်ပွေ့ချီထားသည်၊*

သုံးနည်း ။ ။ ဤမိန်းမသည် လည်ပတ်သူဖြစ်၍ တစ်ရွာလုံးကို **ခါးစောင်းတင်** ထားသူဖြစ်သည်။

**ခါးစဉ်းရင်ကျယ် (ခါးစည်းရင်ကျယ်)**

အဓိပ္ပာယ် ။ ။ *ခါးသိမ်ရင်ကား၊*

သုံးနည်း ။ ။ မင်းသမီးများသည် **ခါးစဉ်းရင်ကျယ်** နှင့် လှပသူများသာ ဖြစ်သင့်သည်။

**ခါးဆီးပတ်တင်**

အဓိပ္ပာယ် ။ ။ *အပြောအဖတ်တင်သည်၊ သူတစ်ပါးအပေါ် တာဝန်တင်ရှိသည်၊*

mgyoe.com

mgyoe.com


သုံးနည်း ။ ။ ကတိအရမ်းပေးပြီး လက်တွေ့မလုပ်နိုင်လျှင် **ခါးဆီးပတ်တင်** နေလိမ့်မည်။

## ခါးတောင်းကျိုက်မဖြုတ်တမ်း

အဓိပ္ပာယ် ။ ။ *အရှိန်အဟုန်ဆက်လက်ထိန်းလျက်၊*

သုံးနည်း ။ ။ မြန်မာတိုင်းရင်းသားများသည် လွတ်လပ်ရေးရပြီးသော်လည်း **ခါးတောင်းကျိုက်မဖြုတ်တမ်း** ထူထောင်ရေးကို ကြိုးပမ်းရဦးမည်။

## ခါးပိုက်ဆောင်တပ်

အဓိပ္ပာယ် ။ ။ *ကိုယ်ကျိုးသုံးလူစု၊*

သုံးနည်း ။ ။ တစ်ချိန်က နိုင်ငံရေးသမားများသည် **ခါးပိုက်ဆောင်တပ်** ထားကြသည်ဟု ကြားရဖူးသည်။

## ခုတုံးလုပ်

အဓိပ္ပာယ် ။ ။ *ကြားခံအဖြစ် သုံးသည်၊*

သုံးနည်း ။ ။ ထိုသူက မသိ၍ မေးလျှောက်သည်ကို အခြားသူများသိလိုသဖြင့် လျှောက်ရပါသည်ဟု အခြားသူများကို **ခုတုံးလုပ်** ခဲ့သည်။

## ခုနစ်စင်အမျှင်တန်း

အဓိပ္ပာယ် ။ ။ *တစ်ခုမှတစ်ခုသို့ ကူးဆက်လျက်၊ မပြတ်ဆက်ကာ၊*

သုံးနည်း ။ ။ အဘွားကြီးသည် ဆူပူမာန်မဲရာတွင် အပြစ်တစ်ခုသာမဟုတ်ဘဲ **ခုနစ်စင်အမျှင်တန်း** ပြောဆိုမြည်တွန်နေသည်။

mgyoe.com

mgyoe.com



## ခုနစ်ရက်သားသမီး

အဓိပ္ပာယ် ။ ။ *လူအားလုံး၊*

သုံးနည်း ။ ။ ဤမြိမ်းမသည် နေ့စဉ် **ခုနစ်ရက်သားသမီးများ** နားကြားပြင်းကတ်အောင် ဆဲဆိုဆူပူနေသည်။

## ခုနစ်သံချီဟစ်

အဓိပ္ပာယ် ။ ။ *အသံကျယ်လောင်စွာ ပြောဆိုသည်၊*

သုံးနည်း ။ ။ သားသမီးပျို့ရွယ်ကို သွန်သင်ဆုံးမရာတွင် **ခုနစ်သံချီဟစ်** စရာ မလိုပေ။

## ခုနစ်အိမ်ကြား ရှစ်အိမ်ကြား

အဓိပ္ပာယ် ။ ။ *အများကြားလောက်အောင်၊ ကျယ်လောင်စွာ၊*

သုံးနည်း ။ ။ ထိုအိမ်မှ ကက်ဆက်ကို **ခုနစ်အိမ်ကြား ရှစ်အိမ်ကြား** ဖွင့်နေသဖြင့် စာကျက်သူများကို အနှောင့်အယှက် ဖြစ်စေသည်။

## ခုလီးခုလတ်

အဓိပ္ပာယ် ။ ။ *အဆုံးမရောက်မီ၊ ခရီးလမ်းအဆင့်၊*

သုံးနည်း ။ ။ သူ၏သားကို ပညာဆုံးခန်းတိုင် မသင်ဘဲ **ခုလီးခုလတ်** တွင် ကျောင်းထွက်ခိုင်းသည်။

## ခုသာခံသာ

အဓိပ္ပာယ် ။ ။ *သက်သာရာရလျက်၊*

သုံးနည်း ။ ။ အိမ်နောက်ဖေးဈေးဆိုင်တည်သူများ ကုန်ဈေးနှုန်းတက်သော်လည်း **ခုသာခံသာ** ရှိသည်။

mgyoe.com

mgyoe.com


## ခေါ်တောကျသည်

အဓိပ္ပာယ် ။ ။ *အကြည့်ရိုင်းသည်၊*

သုံးနည်း ။ ။ မိန်းကလေးတွေကို **ခေါ်တောကျ** အောင် ကြည့်မနေသင့်ပေ။

## ခံတွင်းတွေ့

အဓိပ္ပာယ် ။ ။ *စားသောက်၍ မြိန်ရှက်သည်။*

သုံးနည်း ။ ။ ဧည့်သည်များသည် ဝက်သားနှပ်နှင့် မရန်းသီးထောင်းကို **ခံတွင်းတွေ့** ကြသည်။

## ခိုးကြောင်ခိုးဝှက်

အဓိပ္ပာယ် ။ ။ *တစ်ပါးသူမသိမမြင်အောင်၊ လျှို့ဝှက်စွာ၊*

သုံးနည်း ။ ။ ကလေးများသည် မိဘကွယ်ရာတွင် **ခိုးကြောင်ခိုးဝှက်** ဆေးလိပ်သောက်ကြခြင်းမှာ မကောင်းပေ။

## ခိုးထုပ်ခိုးထည်

အဓိပ္ပာယ် ။ ။ *ခိုးဝှက်ပြုမူခြင်းကို ဖော်ပြသည့် သက်သေခံပစ္စည်း၊ ပက်ပင်းပါ၊*

သုံးနည်း ။ ။ မိန်းကလေးက ရည်းစားမထားပါဟု ငြင်းသော်လည်း မိခင်က သူ့ချစ်သူပေးသောစာများကို **ခိုးထုပ်ခိုးထည်** နှင့် ပြနိုင်သဖြင့် အလိမ်ပေါ်သွားသည်။

mgyoe.com

mgyoe.com



**ခိုးလိုးခုလု**

အဓိပ္ပာယ် ။ ။ *ကသိကအောက်ဖြစ်လျက်၊ ဆတ်တငံ့ငံ့၊*

သုံးနည်း ။ ။ စာမေးပွဲဖြေခါနီးတွင် မှတ်စုစာအုပ်အခိုးခံရသဖြင့် **ခိုးလိုးခုလု** ဖြစ်နေသည်။

**ခေါက်တိခေါက်ကွေး**

အဓိပ္ပာယ် ။ ။ *စောင်းခွေတွဲကျလျက်၊*

သုံးနည်း ။ ။ ကလေးငယ်အိပ်ပျော်နေသည်မှာ ခေါင်းအုံးပေါ်တွင် ကန့်လန့်ဖြတ်လျက် **ခေါက်တိခေါက်ကွေး** ဖြစ်နေသည်။

**ခေါက်တုံ့ခေါက်ပြန်**

အဓိပ္ပာယ် ။ ။ *ခရီးကို အသွားအပြန်အားဖြင့်၊*

သုံးနည်း ။ ။ ဆရာကြီးသည် စဉ်းစားရင်း ကျောင်းစင်္ကြံလမ်းတွင် **ခေါက်တုံ့ခေါက်ပြန်** လျှောက်နေသည်။

**ခိုက်ခိုက်တုန်**

အဓိပ္ပာယ် ။ ။ *တုန်လောက်အောင် အေးချမ်းလျက်၊*

သုံးနည်း ။ ။ သည်နှစ်ဆောင်းရာသီ၌ အညာရပ်တွင် **ခိုက်ခိုက်တုန်** ချမ်းအေးနေလိမ့်မည်ထင်သည်။

**ခေါက်ပြန်ပေး**

အဓိပ္ပာယ် ။ ။ *အကြွေးဝယ်ယူ၍ရောင်းပြီးမှ ပြန်ဆပ်ခြင်း၊*

သုံးနည်း ။ ။ ဈေးသည်ကလေးသည် ရင်းနှီးစရာ ငွေမရှိသဖြင့်

mgyoe.com

mgyoe.com


**ခေါက်ပြန်** ပေးယူ၍ ကြက်သွန်များကို ရောင်းချနေရသည်။

**ခေါင်သူကြီး**

အဓိပ္ပာယ် ။ ။ *အကြီးအကဲခေါင်းဆောင်၊ ဦးဆောင်သူ၊*

သုံးနည်း ။ ။ ထုပ်ဆီးကစားရာတွင် **ခေါင်သူကြီး** က တော်မှ အနိုင်ရဖို့ သေချာသည်။

**ခေါင်းကြီး**

အဓိပ္ပာယ် ။ ။ *တာဝန်ကြီး၍ စိတ်လှုပ်ရှားသည်။*

သုံးနည်း ။ ။ ဤတာဝန်ကို ထမ်းဆောင်ရမည့်အရေး အတွေ့ အကြုံ မရှိသေး၍ **ခေါင်းကြီး** လှသည်။

**ခေါင်းကြီးပိုင်း**

အဓိပ္ပာယ် ။ ။ *လူကြီးအုပ်စု၊ သတင်းစာအာဘော်ခန်း၊*

သုံးနည်း ။ ။ ဤကိစ္စတွင် **ခေါင်းကြီးပိုင်း** မှ လူကြီးများ အညီအညွတ် ဆုံးဖြတ်လျှင် ငယ်သားများလိုက်နာကြမည် ဖြစ်သည်။

သူသည် မြန်မာ့အလင်း **ခေါင်းကြီးပိုင်း** ကို အမြဲစောင့်ဖတ်လေ့ရှိသည်။

**ခေါင်းခါခါ လည်ခါခါ**

အဓိပ္ပာယ် ။ ။ *ဣန္ဒြေမရ၊ လှုပ်ရှားစွာ၊*

သုံးနည်း ။ ။ ဤမိန်းကလေးသည် စကားပြောလျှင် **ခေါင်းခါခါ လည်ခါခါ** ပြောတတ်သည်။

mgyoe.com

mgyoe.com



**ခေါင်းခေါက်**

အဓိပ္ပာယ် ။ ။ *တင်းတင်းမာမာရွေးချယ်လျက်၊*

သုံးနည်း ။ ။ မိန်းကလေးက "သည်လိုဝင်ငွေရှိတဲ့ လူမျိုး **ခေါင်းခေါက်** ရွေးချယ်နိုင်တယ်"

**ခေါင်းချင်းရိုက်**

အဓိပ္ပာယ် ။ ။ *အရေးတကြီး တိုးတိုးကျိတ်ကျိတ် တိုင်ပင်လျက်၊*

သုံးနည်း ။ ။ သမီးဖြစ်သူ ယောကျ်ားနောက်လိုက်သွားသဖြင့် မည်သို့ဆောင်ရွက်ရမည်ကို မိသားစုများ **ခေါင်းချင်းရိုက်** ကြသည်။

**ခေါင်းနင်းဆင်း**

အဓိပ္ပာယ် ။ ။ *သားချင်းပေါက်ဖော်၊*

သုံးနည်း ။ ။ ပြည်ထောင်စုသားများမှာ ညီကိုနောင်ရင်း **ခေါင်းနင်းဆင်း** များဖြစ်ကြသဖြင့် သွေးစည်းကြသည်။

**ခေါင်းပုံဖြတ်**

အဓိပ္ပာယ် ။ ။ *သူတစ်ပါး၏ လုပ်စာကို ဖြတ်လျှပ်စားသည်၊*

သုံးနည်း ။ ။ ဗြိတိသျှခေတ်က အလုပ်သမားများသည် အလုပ်သမားခေါင်း၏ **ခေါင်းပုံဖြတ်** ခြင်း ခံခဲ့ရသည်။

**ခေါင်းဖြူစွယ်ကျိုး**

အဓိပ္ပာယ် ။ ။ *အိုမင်းမစွမ်းသောအရွယ်၊*

သုံးနည်း ။ ။ တစ်ဖက်အိမ်မှ အဘိုးကြီးသည် **ခေါင်းဖြူစွယ်ကျိုး** ဖြစ်မှ နောက်အိမ်ထောင်ပြုသည်။

mgyoe.com

mgyoe.com



## အမြီးနုတ်ခေါင်းနုတ် (ခေါင်းနုတ်အမြီးနုတ်)

အဓိပ္ပာယ် ။ ။ *အဘက်ဘက်မှ လျှော့ဖြတ်လျက်၊*

သုံးနည်း ။ ။ သူရရှိသည့်လခမှ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး၊ ခရီးစရိတ်စသဖြင့် **အမြီးနုတ်ခေါင်းနုတ်** နှင့် ဘာမျှ မကျန်တော့ပေ။

## ခေါင်းမီးလောင် (ခေါင်းမီးတောက်)

အဓိပ္ပာယ် ။ ။ *စိတ်ပူပန်ချောက်ချားလျက်၊*

သုံးနည်း ။ ။ သူစာမေးပွဲဖြေခါနီးနေမှ ကားမလာနိုင်သဖြင့် **ခေါင်းမီးလောင်** နေသည်။

## ခေါင်းမြီးခြုံထွက်

အဓိပ္ပာယ် ။ ။ *လူမသိသူမသိ ကုန်ကျရသည်။*

သုံးနည်း ။ ။ ငွေဝင်လာသောအခါ လူသိနတ်ကြား မောင်းတီးဝင်လာသော်လည်း အထွေထွေကုန်ကျစရိတ်များ သုံးစွဲသည့်အခါ **ခေါင်းမြီးခြုံထွက်** ၍ မည်သူမျှ မသိဘဲ ရှိပေသည်။

## ခေါင်းရှုက်ဗျပ်ထိုး

အဓိပ္ပာယ် ။ ။ *ဆိုင်အတည်တကျ မရှိသောဈေးသည်၊*

သုံးနည်း ။ ။ သူ၏အလုပ်မှာ ဆိုင်မရှိဘဲ **ခေါင်းရွက်ဗျပ်ထိုး** ရောင်းချ၍ စားနေရသူဖြစ်သည်။

mgyoe.com

mgyoe.com



**ခေါင်းဝင်ကိုယ်ဆုံ**

အဓိပ္ပာယ် ။ ။ *သွားလာဝင်ထွက်ရန် လွယ်ကူလျက်၊*

သုံးနည်း ။ ။ ဤမြို့ကလေးမှာ တစ်ဦးတည်း လွပ်လပ်သူဖြစ်ရာ မည်သည့်ဆွေမျိုးအိမ်တွင်မဆို **ခေါင်းဝင်ကိုယ်ဆုံ** သွားရောက်နေထိုင်နိုင်သည်။

**ခတ်တိုင်းငန်**

အဓိပ္ပာယ် ။ ။ *နေရာတကာပါသူ၊ အရာနံ့သူ(အရာနှံ့သူ)*

သုံးနည်း ။ ။ ရွာထဲတွင် ကာလသားခေါင်းမှာ သာရေးနာရေး ကိစ္စတိုင်းတွင် သူမပါလျှင် မပြီး **ခတ်တိုင်းငန်** ဖြစ်နေသည်။

**ခေတ်နောက်ပြန်**

အဓိပ္ပာယ် ။ ။ *ခေတ်မမီဘဲ ခေတ်ဟောင်းကို ခုံမင်ဆဲ၊*

သုံးနည်း ။ ။ မော်တော်ကား၊ လေယာဉ်ပျံခေတ်မှာ မြင်းဝယ်စီးချင်သူမှာ **ခေတ်နောက်ပြန်** သူဟု လူများက မှတ်ထင်ကြသည်။

**ခန္ဓာရွေ့**

အဓိပ္ပာယ် ။ ။ *သေဆုံးသည်၊*

သုံးနည်း ။ ။ အမတ်ကြီး **ခန္ဓာရွေ့** သောအခါ သူ၏သားကို အမတ်ကြီးအရာပေးသည်။

mgyoe.com

mgyoe.com


## ခုန်ကျိုခုန်ကျော်

အဓိပ္ပာယ် ။ ။ *ကျော်လွှားလျက်၊*

သုံးနည်း ။ ။ သူသည် ဝတ္ထုကို အစအဆုံးမဖတ်ဘဲ **ခုန်ကျိုခုန်ကျော်** ဖတ်သွားသည်။

## ခပ်မဆိတ်

အဓိပ္ပာယ် ။ ။ *မတုန်မလှုပ်နေသည်၊*

သုံးနည်း ။ ။ ဆရာကြီးသည် တပည့်များက ချီးမွမ်းပြောဆိုနေသည်တွင် **ခပ်မဆိတ်** နေနေသည်။

## ခမ်းကြီးနားကြီး

အဓိပ္ပာယ် ။ ။ *ပကာသန အကျယ်ချဲ့လျက်၊ ကြီးကျယ်ခမ်းနားစွာ၊*

သုံးနည်း ။ ။ သူသည် သားများကို ရှင်ပြုရာတွင် ငွေကြေးတတ်နိုင်သော်လည်း **ခမ်းကြီးနားကြီး** မလုပ်လိုပေ။

## ချာတူးလံ

အဓိပ္ပာယ် ။ ။ *အလွန်ညံ့ဖျင်းသည်၊*

သုံးနည်း ။ ။ အသင်း၏ ဂိုးသမားမှာ ဂိုးသွင်းသမျှကို မဖမ်းနိုင်ဘဲ ဂိုးအဝင်ခံနေရသောကြောင့် **ချာတူးလံ** နေသည်ဟု ပရိသတ်က ကဲ့ရဲ့သည်။

mgyoe.com

mgyoe.com


**ချာလပတ်လည်**

အဓိပ္ပာယ် ။ ။ *တစ်နေရာတည်းသို့ ထပ်ကာထပ်ကာ ပြန်ရောက်နေသည်။*

သုံးနည်း ။ ။ ကလေးကိုသုံးအလီဆိုခိုင်းရာ ရှေ့မတက်တော့ဘဲ **ချာလပတ်လည်** နေသည်။

**ချိုးမွမ်းခြေကျောက်**

အဓိပ္ပာယ် ။ ။ *ချီးမွမ်းသယောင်နှင့် ကဲ့ရဲ့သည်၊*

သုံးနည်း ။ ။ "သူ့အဆင်မျိုးက ကောင်းတော့ကောင်းပါရဲ့၊ လူတိုင်း ဝတ်နေကြတာပဲ" ဟု **ချီးမွမ်းခြေကျောက်** ပြောသွားသည်။

**ချေးပေါ်သေးပေါ်**

အဓိပ္ပာယ် ။ ။ *အလွန်ပေါများသည်၊*

သုံးနည်း ။ ။ အထက်အညာဒေသတွင် ဆီးသီးမှာ **ချေးပေါ်သေးပေါ်** ဖြစ်သည်။

**ချော်တောင်ငေါ့**

အဓိပ္ပာယ် ။ ။ *မလိုရာတခြားတစ်ပါးသို့ ရောက်သွားသည်၊*

သုံးနည်း ။ ။ သူက အိမ်ကို တန်းတန်းမတ်မတ်ပြန်မလာဘဲ **ချော်တောင်ငေါ့** သွားသည်။

mgyoe.com

mgyoe.com



## ချော်လဲရောထိုင်

အဓိပ္ပာယ် ။ ။ *မိမိချွတ်ယွင်းချက်ကို မသိအောင် ပရိယာယ်ဖြင့် ဖုံးကွယ်လျက်၊*

သုံးနည်း ။ ။ မိန်းကလေးက လူများ၍ နှုတ်ဆက်မိပြီးမှ **ချော်လဲရောထိုင်** ကာ စကားဆက်လက်ပြောနေသည်။

## ချိုကျိုးနားရွက်ပဲ့

အဓိပ္ပာယ် ။ ။ *အပြစ်အနာမကင်း၊ အညံ့စားအရာ၊*

သုံးနည်း ။ ။ သူတို့အုပ်စုမှာ ပညာတတ်တစ်ယောက်မှ မပါဘဲ **ချိုကျိုးနားရွက်ပဲ့** တွေချည်း စုနေခြင်း ဖြစ်သည်။

## ချိုသွေးသည်

အဓိပ္ပာယ် ။ ။ *ကြိုတင်ပြင်ဆင်ထားသည်၊*

သုံးနည်း ။ ။ သူက စကားရည်လုပွဲနွဲ့ရမည်ဖြစ်သဖြင့် **ချိုသွေးထားသည်**။

## ချက်ကျလက်ကျ

အဓိပ္ပာယ် ။ ။ *ကျိုးကြောင်းညီညွတ်ပြေလည်စွာ၊ အရာကျကျ၊*

သုံးနည်း ။ ။ ကလေးမက **ချက်ကျလက်ကျ** ပြောသဖြင့် သူ့ကို မည်သူမျှ ကျီစားပြောဆိုခြင်း မပြုဝံ့ကြပေ။

## ချက်ချင်းလက်ငင်း

အဓိပ္ပာယ် ။ ။ *လောလောဆယ်၊ တစ်မုဟုတ်ချင်း၊*

သုံးနည်း ။ ။ ကြော်ငြာသောဆေးကို ဝယ်၍သောက်လျှင် **ချက်ချင်းလက်ငင်း** ရောဂါပျောက်နိုင်သည်ဟု ဆိုထားသည်။

mgyoe.com

mgyoe.com



**ချောက်တီးချောက်ချက်**

အဓိပ္ပာယ် ။ ။ *မပြည့်မစုံ ကွက်ကျားလျက်၊*

သုံးနည်း ။ ။ သူက အင်္ဂလိပ်စာကို **ချောက်တီးချောက်ချက်** ပြောတတ်ရုံနှင့် စကားပြန်လုပ်နေသည်။

**ချောက်တွန်း (ချောက်ချ)**

အဓိပ္ပာယ် ။ ။ *သူတစ်ပါးကို အဆိုးဖြစ်အောင် ပြုမူဆောင်ရွက်သည်၊*

သုံးနည်း ။ ။ သူငယ်ချင်းများက အရက်ဝိုင်းကို ဆွဲခေါ်ခြင်းမှာ သူ့ကို **ချောက်တွန်း** ခြင်းပင် ဖြစ်သည်။

**ချောင်လည်ချောင်ပတ်**

အဓိပ္ပာယ် ။ ။ *လိုရာမရောက်ဘဲခရီး လည်ပတ်နေသည်၊*

သုံးနည်း ။ ။ သည်မြို့ကိုမရောက်ဖူးသဖြင့် မြို့ထဲတွင် **ချောင်လည်ချောင်ပတ်** နှင့် အချိန်အတော်ကြာ လှည့်ပတ်နေမိသည်။

**ချောင်းကြိုမြောင်းကြား**

အဓိပ္ပာယ် ။ ။ *ရေစပ်အကြိုအကြား၊*

သုံးနည်း ။ ။ သူက အလုပ်မည်မည်ရရ မရှိ၍ **ချောင်းကြိုမြောင်းကြား**တွင် ငါးရှာ၊ ဟင်းရွက်ခူးအလုပ်လုပ်ရသည်။

mgyoe.com

mgyoe.com



## ချစ်တင်းနှော (ချစ်တင်းနှီးနှော)

အဓိပ္ပာယ် ။ ။ *ချစ်သူချင်း ချစ်ကြောင်းပြောဆိုသည်။*

သုံးနည်း ။ ။ ပန်းခြံထဲတွင် **ချစ်တင်းနှော** နေကြသည့် စုံတွဲများကို တစ်ခါတစ်ရံ တွေ့နိုင်ကြသည်။

## ချပ်ချပ်ရပ်ရပ်

အဓိပ္ပာယ် ။ ။ *သေသပ်ပိရိစွာ၊ သိပ်သည်းကျစ်လျစ်စွာ၊*

သုံးနည်း ။ ။ စာအုပ်ဖုံးကပ်ပြီးလျှင် အရိပ်ထဲတွင် ဖိ၍ထားမှ **ချပ်ချပ်ရပ်ရပ်** ရှိမည်။ မိန်းကလေးက **ချပ်ချပ်ရပ်ရပ်** ဝတ်စားထားသောကြောင့် ကိုယ်ဝန်ရှိကြောင်း မသိသာပေ။

## ချမ်းသာပေး

အဓိပ္ပာယ် ။ ။ *အပြစ်သို့မဟုတ် အန္တရာယ်ပြုခြင်းမှ လွတ်ကင်းသက်သာစေသည်၊*

သုံးနည်း ။ ။ ဓားပြများသည် အိမ်ရှင်များကို တောထဲသို့ခေါ်သွားပြီးမှ တောင်းပန်သဖြင့် **ချမ်းသာပေး** ၍ ပြန်လွှတ်လိုက်သည်။

## ခြေခင်းလက်ခင်း

အဓိပ္ပာယ် ။ ။ *နေရာအခြေအနေ၊*

သုံးနည်း ။ ။ ထိုရွာမှာ လွန်စွာ မဝေးသော်လည်း **ခြေခင်းလက်ခင်း** မသာယာသေး၍ မသွားရောက်လိုပါ။

mgyoe.com

mgyoe.com


**ခြောက်ပြစ်ကင်း သဲလဲစင်**

အဓိပ္ပာယ် ။ ။ *လုံးဝအပြစ်ကင်းစင်သူ၊*

သုံးနည်း ။ ။ အရွေးခံသူများထဲတွင် **ခြောက်ပြစ်ကင်း သဲလဲစင်** တစ်ဦးတစ်ယောက်ရှိနိုင်သည်။

**ခြိမ့်ခြိမ့်မွှမ်း**

အဓိပ္ပာယ် ။ ။ *အလွန်ခမ်းနားစွာ၊*

သုံးနည်း ။ ။ မိဘနှစ်ဖက်လုံးက ကြေးရတတ်များဖြစ်ကြသဖြင့် သားသမီးများ၏ မင်္ဂလာပွဲကို **ခြိမ့်ခြိမ့်မွှမ်း** ကျင်းပကြသည်။

**ချုံးချုံးကျ**

အဓိပ္ပာယ် ။ ။ *လုံးဝပျက်စီးဆုံးရှုံးလျက်၊ အလွန်ပိန်ကြုံလျက်၊*

သုံးနည်း ။ ။ သူအရက်သောက်သည်မှာ ကာလကြာပြီဖြစ်၍ ရှိရှိသမျှ **ချုံးချုံးကျ** နေသည်။
ဤမိန်းမအရင်က ဝဖြိုးသော်လည်း မီးယပ်ရောဂါကြောင့် **ချုံးချုံးကျ** သွားသည်။

**ခြေကုန်သည်**

အဓိပ္ပာယ် ။ ။ *ခြေအစွမ်း မရှိတော့၊ ခြေညောင်းသည်၊*

သုံးနည်း ။ ။ ဤအပြေးသမားမှာ ပန်းတိုင်မရောက်မီ **ခြေကုန်နေသည်**။

mgyoe.com

mgyoe.com


## ခြေကုန်လက်ပန်းကျ

အဓိပ္ပာယ် ။ ။ *အလွန်ပင်ပန်းနွမ်းနယ်သည်၊*

သုံးနည်း ။ ။ ဘောလုံးသမားများသည် ၄၅ မိနစ်ကစားပြီးသော အခါ **ခြေကုန်လက်ပန်းကျ** သွားကြသည်။

## ခြေကုပ်ယူသည်

အဓိပ္ပာယ် ။ ။ *အခြေခံတစ်ဆင့်အဖြစ် ကုပ်တွယ်ထားသည်၊*

သုံးနည်း ။ ။ အစိုးရတပ်များသည် တောင်ကြောတွင် **ခြေကုပ်ယူ**၍ တောင်ထိပ်သို့ ဆက်လက်ချီတက်ပြီး သောင်းကျန်းသူစခန်းကို တိုက်လိမ့်မည်။

## ခြေကျုံ့သည်

အဓိပ္ပာယ် ။ ။ *အသွားအလာနည်းပါးသည်၊*

သုံးနည်း ။ ။ သူသည် အပေါင်းအသင်းမှားမည်စိုး၍ ဘယ်ကိုမျှ မလည်ဘဲ **ခြေကျုံ့နေသည်**။

## ခြေကြွသည်

အဓိပ္ပာယ် ။ ။ *သွားချင်လာချင်စိတ်ထက်သန်သည်၊ မောက်ကြွားသည်၊*

သုံးနည်း ။ ။ သူက ငွေစကလေး ရွှင်နေသဖြင့် ဟိုသွားချင်သည် သွားချင်နှင့် **ခြေကြွနေသည်**။
သူသည် မိဘဂုဏ်နှင့် **ခြေကြွနေသည်**။

mgyoe.com

mgyoe.com



## ခြေချော်လက်ချော်

အဓိပ္ပာယ် ။ ။ *မတော်တဆ၊ မမျှော်လင့်ဘဲ၊*

သုံးနည်း ။ ။ သေနတ်ကို မကစားသင့်၊ **ခြေချော်လက်ချော်** ကျည်ဆန်ထွက်သွားလျှင် တစ်ယောက်ယောက်ကို ထိမှန်မည်။

## ခြေချင်းလိမ်

အဓိပ္ပာယ် ။ ။ *ရှုပ်ယှက်ခတ်သွားလာနေသည်၊*

သုံးနည်း ။ ။ လစာထုတ်သော နေ့တွင် ဘဏ်ရှိ ငွေထုတ်သူများ **ခြေချင်းလိမ်** နေသည်။

## ခြေခြေမြစ်မြစ်

အဓိပ္ပာယ် ။ ။ *တိကျရေရာစွာ၊*

သုံးနည်း ။ ။ ထိုစာရေးဆရာ၏ အဆက်အနွယ်များကို **ခြေခြေမြစ်မြစ်** လိုက်လံ စုံစမ်း၍ မရပေ။

## ခြေစောင့်လက်စောင့်

အဓိပ္ပာယ် ။ ။ *အရေးကြုံက အသုံးပြုရန် ငွေကြေးဥစ္စာ၊*

သုံးနည်း ။ ။ လကုန်ရက်ဖြစ်သဖြင့် ငွေတစ်ရာကျပ်ကို မသုံးပစ်သေးဘဲ **ခြေစောင့်လက်စောင့်** ထားရသည်။

## ခြေဆုပ်လက်နယ်

အဓိပ္ပာယ် ။ ။ *ဂရုစိုက်ပြုစုလျက်၊*

သုံးနည်း ။ ။ သူ့ဇနီးက သူနေမကောင်းစဉ်က **ခြေဆုပ်လက်နယ်** ပြုစုခဲ့ရှာသည်။

mgyoe.com

mgyoe.com



## ခြေထိုး

အဓိပ္ပာယ် ။ ။ *နှစ်ဦးကြားတွင် မသင့်တင့်အောင် ဝင်နှောက်သည်၊ တစ်ဖက်သတ် လှုံ့ဆော်သည်၊*

သုံးနည်း ။ ။ ဤသူသည် အလုပ်သမား အချင်းချင်း မကျေမနပ်ဖြစ်အောင် **ခြေထိုး** တတ်သည်။

## ခြေပေါ်

အဓိပ္ပာယ် ။ ။ *ခြေစွမ်းပြနိုင်သည်၊ ခြေစွမ်းပေါ်လွင်သည်၊*

သုံးနည်း ။ ။ ယနေ့ဘောလုံးပွဲတွင် ရှေ့တန်းညာအစွန်မှ ကစားသူအလွန် **ခြေပေါ်** အောင် ကစားနိုင်သည်။

## ခြေပစ်လက်ပစ်

အဓိပ္ပာယ် ။ ။ *တစ်ကိုယ်လုံးနွမ်းနယ်ပင်ပန်းစွာ၊*

သုံးနည်း ။ ။ အားကစားသမားသည် မိုင် ၂၀ မျှ ခြေကျင်လျှောက်ခဲ့ရ၍ **ခြေပစ်လက်ပစ်** လှဲချနားနေရရှာသည်။

## ခြေဖျားထောက်

အဓိပ္ပာယ် ။ ။ *ဝင့်ကြွားမာန်တက်သည်၊*

သုံးနည်း ။ ။ ဤသူငယ်က သူ့အဖေဆန်စက်ပိုင်ဖြစ်သဖြင့် အလွန် **ခြေဖျားထောက်** သည်။

mgyoe.com

mgyoe.com


## ခြေမကိုင်မိ လက်မကိုင်မိ

အဓိပ္ပာယ် ။ ။ *ရုတ်တရက် စိတ်ချောက်ချားမှုကြောင့် ဘာလုပ်ကိုင်ရမည်ကို ဝေခွဲမရဘဲ၊*

သုံးနည်း ။ ။ ဈေးဝယ် မိန်းကလေးမှာ သူ့ရှေ့တွင် အဖော်တစ်ယောက် မူးလဲကျသွားသဖြင့် ရုတ်တရက် **ခြေမကိုင်မိ လက်မကိုင်မိ** ဖြစ်သွားသည်။

## ခြေမမြဲ၊ လက်မြဲပါစေ

အဓိပ္ပာယ် ။ ။ *တစ်နည်းမဟုတ် တစ်နည်းအခြေခိုင်စေရန်၊*

သုံးနည်း ။ ။ သူသည် လက်ရှိအလုပ်နှင့်ဖြစ်စေကာမူ **ခြေမမြဲ လက်မြဲစေရန်**၊ ကုမ္ပဏီတွင် အစုရှယ်ယာထည့်ထားသည်။

## ခြေမွေးမီးမလောင် လက်မွေးမီးမလောင်

အဓိပ္ပာယ် ။ ။ *အကြော့သား၊ ဘာမျှပင်ပန်းမခံရဘဲ*

သုံးနည်း ။ ။ ဤမိန်းကလေးမှာ မိဘများချမ်းသာသောကြောင့် ငယ်စဉ်ကစ၍ **ခြေမွေးမီးမလောင် လက်မွေးမီးမလောင်** နေခဲ့ရသည်။

## ခြေရာကောက်

အဓိပ္ပာယ် ။ ။ *သူတစ်ပါး၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်နိုင်သည်၊*

သုံးနည်း ။ ။ ဓားပြများက ထွက်ပြေးတိမ်းရှောင်နေသော်လည်း ရဲက သူတို့ **ခြေရာကောက်မိ** ထားသည်။

mgyoe.com

mgyoe.com


## ခြေရာတိုင်း၊ ခွာရာတိုင်း

အဓိပ္ပာယ် ။ ။ *အန်တုသည်၊ ဖက်ပြိုင်သည်၊*

သုံးနည်း ။ ။ သူက လက်သမားပညာ အတော်အတန် တတ်မြောက်လာသဖြင့် ဖခင်လက်သမားဆရာကြီးကို **ခြေရာတိုင်း** ချင်သည်။

## ခြေရာနင်း၊ ခြေရာထပ်

အဓိပ္ပာယ် ။ ။ *ထပ်တူလိုက်နိုင်သည်၊*

သုံးနည်း ။ ။ သူက အလုပ်အလွန်ကြိုးစားသဖြင့် အောင်မြင်နေသော သူ့ဖခင် **ခြေရာကိုနင်း** နိုင်တော့မည်။

## ခြေရှည်

အဓိပ္ပာယ် ။ ။ *ခရီးဆက်၍သွားသည်၊ မရပ်မနားရောက်ရာသွားနေသည်၊*

သုံးနည်း ။ ။ သားကို အနီးအနားဈေးသို့ ခိုင်းလိုက်ရာ သားက **ခြေရှည်** နေသဖြင့် မွန်းတည့်ချိန်နီးမှ ပြန်လာသည်။

## ခြေရှုပ်

အဓိပ္ပာယ် ။ ။ *ဝင်ရောက်နှောင့်ယှက်သည်၊ ရှုပ်ရှုပ်ထွေးထွေးလုပ်သည်၊*

သုံးနည်း ။ ။ သူတို့နှစ်ဦး ပြေလည်နေပြီဖြစ်က ဘေးက **ခြေရှုပ်** သူများ အရေးမလှဖြစ်ရသည်။

mgyoe.com

mgyoe.com


**ခြေဝှက်**

အဓိပ္ပာယ် ။ ။ *အစွမ်းအစလျှို့ဝှက်ထားသည်၊ ခြေစွမ်းမပြဘဲ သိုသိပ်နေသည်၊*

သုံးနည်း ။ ။ သူကအလုပ်ရသွားပြီဖြစ်သော်လည်း သူငယ်ချင်းများကို အသိမပေးဘဲ **ခြေဝှက်** ၍ထားသည်။

**ခြေလှမ်းမှား**

အဓိပ္ပာယ် ။ ။ *လမ်းမှားလိုက်မိသည်၊ အဆိုးဘက်သို့ ရောက်သွားသည်၊*

သုံးနည်း ။ ။ သူအလုပ်က ထွက်လိုက်သဖြင့် **ခြေလှမ်းမှား** သွားသည်။

**ခြေချော်လက်ချော်**

အဓိပ္ပာယ် ။ ။ *မတော်တဆ တိမ်းချော်လျက်၊*

သုံးနည်း ။ ။ ခင်ဗျား စာကြိုးစားပေမဲ့ စာမေးပွဲမှာ **ခြေချော်လက်ချော်** မဖြစ်ဖို့တော့ သတိထားရမည်။

**ခွာရာတိုင်း**

အဓိပ္ပာယ် ။ ။ *အနဲတုဖက်ပြိုင်သည်၊ မတုပြိုင်သင့်သူကို တုပြိုင်သည်၊*

သုံးနည်း ။ ။ သာမန်တတ်သိရုံဖြင့် ဆရာသမားကို **ခွာရာတိုင်း** လျှင်မှားလိမ့်မည်။

mgyoe.com

mgyoe.com



## ခွာလိပ်

အဓိပ္ပာယ် ။ ။ *တော်ပါလျက် အဆင်မသင့်သဖြင့် ပြက်ချော်ရသည်၊*

သုံးနည်း ။ ။ သူကျောင်းမှာ တော်ပေမဲ့ စာမေးပွဲကျခြင်းမှာ တစ်နေရာရာတွင် **ခွာလိပ်** သွား၍ ဖြစ်လိမ့်မည်။

## ခွေးကအစ ပွေးကအစ

အဓိပ္ပာယ် ။ ။ *နိမ့်ကျသော ပတ်ဝန်းကျင်အထိ၊ လူအားလုံး၊*

သုံးနည်း ။ ။ သူတို့ချင်း ချစ်ကြိုက်နေသည်ကို **ခွေးကအစ ပွေးကအစ** သိနေကြပြီ။

## ခွေးကျင့်ခွေးကြံ

အဓိပ္ပာယ် ။ ။ *မလုပ်အပ်သော ဆိုးယုတ်သည့်အကျင့်အမူ၊*

သုံးနည်း ။ ။ မိန်းမကြီးက သူ၏သမီးကို အိမ်ဖော်ယောကျ်ားကလေး ခိုးပြေးသွားသဖြင့် **ခွေးကျင့်ခွေးကြံ** ကြံသည်ဟု ဆဲရေးနေသည်။

## ခွေးလှေးပျားတောအနှံ့

အဓိပ္ပာယ် ။ ။ *နေရာတကာသို့ ပျံ့နှံ့ရောက်ရှိသည်၊*

သုံးနည်း ။ ။ သူက စတင်ပေးလိုက်သော အရပ်လုပ်နည်းမှာ ယခုအခါ **ခွေးလှေးပျားတောအနှံ့** ဖြစ်နေ၍ လူတိုင်းလို တတ်မြောက်ကြသည်။

mgyoe.com

mgyoe.com


**ခွေးတိုးဝက်ဝင်**

အဓိပ္ပာယ် ။ ။ *ရောထွေးလျက်၊*

သုံးနည်း ။ ။ ကလေးတွေငယ်စဉ်က သူတို့အိမ်မှာ **ခွေးတိုးဝက်ဝင်** နေကြရသည်။

**ခွေးဝင်စား**

အဓိပ္ပာယ် ။ ။ *အခြေအနေမရှိသူ၊ သူတစ်ပါးကို ကပ်ရပ်မှီခိုရသူ၊*

သုံးနည်း ။ ။ သည်လူက ပင်ပင်ပန်းပန်း အလုပ်မလုပ်ဘဲ **ခွေးဝင်စား** လို သူများအိမ်တွင် နေရသည်။

**ခွေးပြေးဝက်ပြေး**

အဓိပ္ပာယ် ။ ။ *ကြောက်ရွံ့တုန်လှုပ်စွာ၊ ကစဉ့်ကလျား ပြေးလွှားလျက်၊*

သုံးနည်း ။ ။ တပ်မတော်ကို အားစမ်းလာသော သောင်းကျန်းသူများ အထိနာ၍ **ခွေးပြေးဝက်ပြေး** ဆုတ်ပြေးကြရသည်။

**ခွက်ခွက်လန်**

အဓိပ္ပာယ် ။ ။ *ရစရာမရှိအောင် လုံးဝကုန်စင်၊*

သုံးနည်း ။ ။ သူက ဈေးမရောင်းတတ်ဘဲ အရောင်းအဝယ်လုပ်ရာ **ခွက်ခွက်လန်** အောင် ရှုံးသွားသည်။

**ခွက်စောင်းခုတ်**

အဓိပ္ပာယ် ။ ။ *ဘဝတူချင်း ရန်ပြုလျက်၊*

သုံးနည်း ။ ။ ဆိုင်နီးချင်း မိန်းမနှစ်ဦး မသင့်မြတ်သဖြင့် တစ်ဦး

mgyoe.com

mgyoe.com



ကိုတစ်ဦး အပြစ်စောင့်ကြည့်ကာ **ခွက်စောင်းခုတ်**
ကြသည်။

## ခွက်ထိုးခွက်လန်

အဓိပ္ပာယ် ။ ။ *ကြွေမြေမရ၊ ကိုယ်ကိုလှုပ်ရှားလျက်၊*

သုံးနည်း ။ ။ ထိုသူမှာ အကြွားလွဲနေသဖြင့် မြင်ရသူများ **ခွက်ထိုး ခွက်လန်** ရယ်ကြသည်။

## ခွန်းကြီးခွန်းငယ်

အဓိပ္ပာယ် ။ ။ *အချေအတင် ငြင်းခုံလျက်၊ စကားများ ရန်ဖြစ်လျက်၊*

သုံးနည်း ။ ။ သူတို့နှစ်ယောက် ခင်မင်သော သူငယ်ချင်းဖြစ်သော်လည်း **ခွန်းကြီးခွန်းငယ်** ပြောကြပြီး မခေါ်မပြောဘဲ နေကြသည်။

## ခွန်းတုံ့တင်

အဓိပ္ပာယ် ။ ။ *အချီအချပြောဆို၊*

သုံးနည်း ။ ။ ငှက်ကလေးများ ဘာသာဘာဝ **ခွန်းတုံ့တင်** မြည်ကြွေးနေသည်မှာ ဆူညံနေသည်။

## ခွန်းတုံ့ပြန်

အဓိပ္ပာယ် ။ ။ *ပြန်လှန်ပြောသည်၊*

သုံးနည်း ။ ။ ကြီးပြင်းလာသော သားသမီးသည် မိဘကို **ခွန်းတုံ့ပြန်** ၍ ပြောဆိုတတ်ခြင်းမှာ မကောင်းပေ။

mgyoe.com

mgyoe.com



**ချွေးနဲ့စာ**

အဓိပ္ပာယ် ။ ။ *တပင်တပန်း လုပ်ကိုင်ရှာကြံထားရသော ဝင်ငွေ စု၊*

သုံးနည်း ။ ။ လခထုတ်သောနေ့တွင် အလုပ်သမားကြီးသည် မိမိ **ချွေးနဲ့စာ** ဖြင့် သံဃာတော်များကို ဆွမ်းပင့်ကျွေးသည်။

**ချွေးတလုံးလုံး**

အဓိပ္ပာယ် ။ ။ *ပင်ပန်းစွာ*

သုံးနည်း ။ ။ လင်သား **ချွေးတလုံးလုံး** ရှာဖွေရရှိသော ငွေကြေးကို ဇနီးက ချွေတာသုံးစွဲရမည်။

**ချွတ်ခြုံကျ**

အဓိပ္ပာယ် ။ ။ *အလွန်ဆင်းရဲမွဲတေသည်၊*

သုံးနည်း ။ ။ သူ့မှာ သားသမီးများကို ထောက်ပံ့ကျွေးမွေးနေရသဖြင့် သူ့စီးပွားအားလုံး **ချွတ်ခြုံကျ** နေပြီ။

**ချွတ်နင်း**

အဓိပ္ပာယ် ။ ။ *ခြေတစ်လှမ်းချင်း ဖြည်းညင်းစွာလှမ်း၍၊ ခိုးကြောင်ခိုးဝှက်၊*

သုံးနည်း ။ ။ ထိုလူမှာ အရက်မူးနေသဖြင့် အိမ်အဝင်တွင် **ချွတ်နင်း** ၍ လှမ်းလာသည်။

သူ့အဝတ်အစားများ သူခိုးက **ချွတ်နင်း** သုတ်သွားသည်။

mgyoe.com

mgyoe.com


**ခြွင်းချက်မရှိ**

အဓိပ္ပာယ် ။ ။ *လုံးဝဥဿုံ၊*

သုံးနည်း ။ ။ ဆရာပေးသည့်အကြံဉာဏ်ကို တပည့်က **ခြွင်းချက်မရှိ** လက်ခံသည်။

❒

mgyoe.com

mgyoe.com

## [ဂ] အက္ခရာ စကားစုများ

**ဂဃနဏ**

အဓိပ္ပာယ် ။ ။ *သေချာကျနစွာ၊ တိတိကျကျ၊*

သုံးနည်း ။ ။ သည်အကြောင်းကို တစ်ဆင့်ကြားသဖြင့် **ဂဃနဏ** မသိရပေ။

**ဂိုက်ထုတ်**

အဓိပ္ပာယ် ။ ။ *ဝင့်ကြွားသည်၊ ဟန်ပန်ထုတ်သည်၊*

သုံးနည်း ။ ။ သူက တက္ကသိုလ် ကျောင်းတက်နေသဖြင့် **ဂိုက်ထုတ်** တတ်နေပြီ။

**ဂိုက်တွေဆိုက်တွေ**

အဓိပ္ပာယ် ။ ။ *ဝင့်ကြွားမှုအပြည့်ဖြင့်*

သုံးနည်း ။ ။ တောသူတောင်သားများမှာ မြို့ကြီးသားတွေကဲ့သို့ **ဂိုက်တွေဆိုက်တွေ** နှင့် ဝတ်စားဆင်ယင်မှု မပြု တတ်ကြပေ။

mgyoe.com

mgyoe.com



## ဂျလည်မ

အဓိပ္ပာယ် ။ ။ *လည်ပတ်ပါးနပ်သော မိန်းကလေး၊*

သုံးနည်း ။ ။ ထိုမိန်းကလေးကို နံ့အသည်ထင်၍ မစမ်းလေနှင့်။ ယောကျ်ားကလေးတစ်ယောက်ကို ရောင်းစားနိုင်သည့် **ဂျလည်မ** ဖြစ်သည်။

## *ဂျီအိပတ္တမျှား (ဂီဟိဗဒ္ဓမျှား)

အဓိပ္ပာယ် ။ ။ *အဆာကျယ်သည်၊ အလိုရွှေးသည်၊*

သုံးနည်း ။ ။ သူက လုံချည်ဝယ်ရာတွင် အနံ့သေးသည်၊ အဆင်ရင့်သည်၊ အသားကြမ်းသည် စသည်ဖြင့် **ဂျီအိပတ္တမျှား** နေသည်။

## ဂျင်ဂလယ် (ဇင်္ဂလ)

အဓိပ္ပာယ် ။ ။ *ရွာသိမ်ရွာငယ်။ ဇနပုဒ်၊*

သုံးနည်း ။ ။ သူတို့ရွာက အရင်က **ဂျင်ဂလယ်** ကလေးပဲ၊ ယခု တိုက်တွေ တာတွေနှင့် တိုးတက်ကြီးပွားနေချေပြီ။

## ဂျင်ပုံချင်းပေါက်

အဓိပ္ပာယ် ။ ။ *ဆင်းရဲနွမ်းပါးသူချင်း ဆုံဆည်းသည်၊*

သုံးနည်း ။ ။ ထိုမိန်းကလေးမှာ အလုပ်အကိုင်မရှိသူကို လက်ထပ်မည်ဆိုသည်မှာ **ဂျင်ပုံချင်းပေါက်** မည်ကြံခြင်းဖြစ်သည်။

---

* လူ့အနှောင်အဖွဲ့.

mgyoe.com

mgyoe.com



## ဂျုံးဂျုံးကျ (ချုံးချုံးကျ)

အဓိပ္ပာယ် ။ ။ *သုံးမရအောင် ပျက်စီးသည်၊*

သုံးနည်း ။ ။ သူ့မော်တော်ကားက လူတိုင်းလိုလို တက်မောင်းနေသဖြင့် ယခု **ဂျုံးဂျုံးကျ** နေပြီ။

## ဂြိုဟ်ပြေနံ့ပြေ

အဓိပ္ပာယ် ။ ။ *ယတြာချေရုံမျှ၊ ဂြိုဟ်စီးဂြိုဟ်နင်း လွတ်ရန်အတွက်၊*

သုံးနည်း ။ ။ သူတို့လင်မယား ကွာရှင်းသည်ဆိုသည်မှာ တကယ်မဟုတ်ဘဲ **ဂြိုဟ်ပြေနံ့ပြေ** ကွာရှင်းခြင်းသာ ဖြစ်သည်။

## ဂျွမ်းထိုးမှောက်ခုံ (ကျွမ်းထိုးမှောက်ခုံ)

အဓိပ္ပာယ် ။ ။ *ဖရိုဖရဲတိမ်းလဲလျက်၊*

သုံးနည်း ။ ။ ဂုန်အိတ်စွပ်ပြေးပွဲတွင် ကလေးများသည် ပန်းတိုင်မရောက်မီ **ကျွမ်းထိုးမှောက်ခုံ** လဲကျကုန်သည်။

## ဂျွမ်းသဒ္ဒါလန် (ကျွမ်းသန္တာလန်)

အဓိပ္ပာယ် ။ ။ *ဆိုးဝါးစွာ ထိခိုက်သည်၊*

သုံးနည်း ။ ။ ဆီဈေးထိုးကျသွားသဖြင့် ဆီသိုလှောင်သူများ **ကျွမ်းသန္တာလန်** အောင် ရှုံးကုန်ကြသည်။

❐

mgyoe.com

mgyoe.com

## [င] အက္ခရာ စကားစုများ

**ငါတကောကော**

အဓိပ္ပာယ် ။ ။ *တစ်ဦးတည်းသောသဘောဖြင့် ချွန်၍ လုပ်ကိုင်သည်၊*

သုံးနည်း ။ ။ အများနှင့် စုပေါင်းလုပ်ဆောင်ရမည့်ကိစ္စတွင် တစ်ဦးတစ်ယောက်က **ငါတကောကော** ခြင်းမျိုးမှာ မသင့်လျော်ပေ။

**ငါ့စကားနွားရ**

အဓိပ္ပာယ် ။ ။ *မိမိဘက်ကသာလျှင် မှန်သည်ဟု ယူဆထားသည်၊*

သုံးနည်း ။ ။ လူအချင်းချင်း ဆက်ဆံရာတွင် လိုက်လိုက်လျောလျော မရှိဘဲ၊ **ငါ့စကားနွားရ** ပြောဆိုနေသူများကို အပေါင်းအသင်း မလုပ်လိုကြပေ။

**ငါ့လက်ငါ့ခြေ (သူ့လက်သူ့ခြေ)**

အဓိပ္ပာယ် ။ ။ *မိမိသဘောအတိုင်း ပိုင်နိုင်စွာ သဘောထားလျက်၊*

သုံးနည်း ။ ။ အလှူအိမ်တွင် အလှူရှင်က လုံးဝမျက်နှာလွှဲ

mgyoe.com

mgyoe.com


ခြင်းခံရသူက **ငါ့လက်ငါ့ခြေ** ဦးစီးလုပ်ကိုင်သွားသည်။

**ငေါ်တော်ငေါက်တောက်**

အဓိပ္ပာယ် ။ ။ *အနေအထားမကျ၊ ထိုးထွက်လျက်၊ အပေါင်းအသင်းထဲတွင် အဆင်မပြေသူ၊*

သုံးနည်း ။ ။ ပရိသတ်အလယ်တွင် အပြောအဆိုမတတ်သူမှာ **ငေါ်တော်ငေါက်တောက်** နှင့် အများက အထင်သေးစရာဖြစ်ရသည်။

**ငိုကြီးချက်မ**

အဓိပ္ပာယ် ။ ။ *ပြင်းစွာငိုကြွေးလျက်၊*

သုံးနည်း ။ ။ ကလေးသည် မိခင်ပျောက်နေသဖြင့် **ငိုကြီးချက်မ** နှင့် လိုက်ရှာနေသည်။

**ငိုချင်လျက်လက်တို့**

အဓိပ္ပာယ် ။ ။ *တစ်စုံတစ်ခုဖြစ်ရန် လက်မတင်ကလေးမျှ ရှိသည်၊ အခိုက်အခါအသင့်ကြုံကြိုက်သည်၊*

သုံးနည်း ။ ။ ရန်ဖြစ်ချင်နေသူကို တစ်စုံတစ်ယောက်က မတော်တဆ တိုက်မိခြင်းသည် သူ့အဖို့ **ငိုချင်လျက်လက်တို့** ဖြစ်သွားသည်။

mgyoe.com

mgyoe.com


## ငိုစားရယ်စား

အဓိပ္ပာယ် ॥ ॥ *မည်သူမည်သို့ဖြစ်စေ၊ ကိုယ်ကျိုးငဲ့လျက်၊*

သုံးနည်း ॥ ॥ သူက ငွေမက်သော ပွဲစားဖြစ်သဖြင့် **ငိုစားရယ်စား** အလုပ်မျိုးကို လုပ်မိတတ်သည်။

## ငေါင်းစင်းစင်း

အဓိပ္ပာယ် ॥ ॥ *သီးခြားပေါ်လွင်လျက်၊*

သုံးနည်း ॥ ॥ ရိုးရိုးယဉ်ယဉ်ဝတ်စားနေသူများအထဲတွင် ဖက်ရှင်ထွင်၍ ဝတ်သူတစ်ယောက်တည်းဖြစ်၍ **ငေါင်းစင်းစင်း** ရှိလှသည်။

## ငုတ်တုတ်မိုးလင်း

အဓိပ္ပာယ် ॥ ॥ *တစ်ညလုံး မအိပ်စက်ဘဲ၊*

သုံးနည်း ॥ ॥ သူ့မှာ လူမမာကို စောင့်ရသော တာဝန်ဖြင့် ညက **ငုတ်တုတ်မိုးလင်း** ဖြစ်ခဲ့ရသည်။

## ငုံ့စုံပစ် (ငုစုံပစ်)

အဓိပ္ပာယ် ॥ ॥ *မငြင်းမဖယ်သာဘဲ၊ ခေါင်းငုံ့လျက်၊*

သုံးနည်း ॥ ॥ သူများက သူ့ကို အပြစ်ပုံချကြသဖြင့် သူ့ခမျာမှာ **ငုံ့စုံပစ်** ခံနေရရှာသည်။

## ငုံးဆူလူမသိ

အဓိပ္ပာယ် ॥ ॥ *အခြားလူမည်သူမျှမသိဘဲ၊*

သုံးနည်း ॥ ॥ သူ့မှာ ကြွေးမြီများရှိနေရာ မည်မျှ ပူပန်နေရသည်ကို **ငုံးဆူလူမသိ** ခံနေရသည်။

❒

mgyoe.com

mgyoe.com

## [စ] အက္ခရာစကားစုများ

**စကားကောင်း**

အဓိပ္ပာယ် ။ ။ *စကားပြောအရှိန်ရနေသည်၊*

သုံးနည်း ။ ။ စာရေးကြီးသည် လက်ဖက်ရည်ဆိုင်တွင် မိတ်ဆွေများနှင့် **စကားကောင်း** နေသဖြင့် ရုံးတက်နောက်ကျသွားသည်။

**စကားကြီးစကားကျယ်**

အဓိပ္ပာယ် ။ ။ *လူနှင့်မလိုက်အောင် ဝင့်ကြွားသော အကြောင်းအရာ၊ ကြီးမြင့်သော အကြောင်းအရာ၊*

သုံးနည်း ။ ။ ကလေးနှစ်ယောက်မှာ လကမ္ဘာတွင် လူသားတို့ နေနိုင်မနေနိုင်ကို **စကားကြီးစကားကျယ်** ငြင်းခုံနေကြသည်။

**စကားကြောရှည်**

အဓိပ္ပာယ် ။ ။ *စကားကြောရှည်စွာ ပြောသည်၊ စကားမပြတ်နိုင်ဘဲရှိသည်၊*

mgyoe.com

mgyoe.com



သုံးနည်း ။ ။ ဧည့်သည်က **စကားကြောရှည်** နေသဖြင့် အိမ်ရှင်များ ထမင်းစားနောက်ကျသွားသည်။

**စကားကြောင်းလမ်း**

အဓိပ္ပာယ် ။ ။ *ဆက်သွယ်စေ့စပ်သည်၊ သဘောစူးစမ်းသည်၊*

သုံးနည်း ။ ။ မင်းကတော်ကြီးသည် သူ၏သားကို စက်ပိုင်ရှင်သမီးနှင့် ပေးစားလိုသဖြင့် မိတ်ဆွေများကို **စကားကြောင်းလမ်း** ခိုင်းသည်။

**စကားစစ်ထိုး**

အဓိပ္ပာယ် ။ ။ *အပြိုင်အဆိုင် စကားနိုင်လုသည်၊*

သုံးနည်း ။ ။ နှစ်နိုင်ငံသည် သိပ္ပံအယူအဆနှင့်ပတ်သက်၍ **စကားစစ်ထိုး** ကြသည်။

**စကားတောင်စား**

အဓိပ္ပာယ် ။ ။ *စကားပြောကောင်းသူ၊ စကားကြောရှည်သူ၊ စောဒကတက်သူ၊*

သုံးနည်း ။ ။ ဤရှေ့နေက ဘယ်သူမှ လိုက်မမီနိုင်သော **စကားတောင်စား** ဖြစ်သည်။

**စကားတောင်း**

အဓိပ္ပာယ် ။ ။ *တစ်ဖက်သား၏ သဘောထားကို စောကြောသည်၊*

သုံးနည်း ။ ။ ဧည့်သည်သည် သူညဥ့်အိပ်ညနေတည်းခိုလျှင်

mgyoe.com

mgyoe.com


လက်ခံနိုင် လက်မခံနိုင်ကို အိမ်ရှင်အား သွယ်ဝိုက်၍ **စကားတောင်း** သည်။

**စကားနာထိုး**

အဓိပ္ပာယ် ။ ။ *မကျေမချမ်းသည်ကိုသိစေရန် စကားငေါ့၍ ပြောသည်၊*

သုံးနည်း ။ ။ မိန်းကလေးက သူ၏ မွေးနေ့မတက်နိုင်ခဲ့သည်ကို ဂုဏ်ကြီးရှင် မွေးနေ့မဟုတ်၍ မလာနိုင်ခြင်းဖြစ်သည် ဟု တွေ့တိုင်း **စကားနာထိုး** သည်။

**စကားနိုင်လု**

အဓိပ္ပာယ် ။ ။ *စကားဖြင့် အနိုင်ရအောင် ကြိုးစားသည်။*

သုံးနည်း ။ ။ သူတို့နှစ်ယောက် **စကားနိုင်လု** ရာမှ ရန်ထဖြစ်ကြသည်။

**စကားနည်းရန်စဲ**

အဓိပ္ပာယ် ။ ။ *ရန်မဖြစ်ပွားရန် စကားစသတ်လျက်၊ ကိစ္စပြီးပြတ်စေလျက်၊*

သုံးနည်း ။ ။ ကျွန်တော့်မိတ်ဆွေသည် ကျွန်တော့်ထံမှ ငွေလိမ်တောင်းသည်ကို သိသော်လည်း **စကားနည်းရန်စဲ** သဘောဖြင့် ဘာမျှမမေးဘဲ ပေးလိုက်သည်။

**စကားပေါက်စကားဝ (စကားပေါက်စကားစ)**

အဓိပ္ပာယ် ။ ။ *ထွေထွေရာရာ ပြောဆိုမှု၊ စကားများပြောခြင်း၊*

သုံးနည်း ။ ။ ဤမိန်းကလေးသည် **စကားပေါက်စကားဝ** များ

mgyoe.com

mgyoe.com


လှသဖြင့် မကြာခဏ သက်ာရှင်းရ၊ အထင်လွဲခံရ၊ ရန်ဖြစ်ရ ဖြစ်နေသည်။

**စကားဖာ**

အဓိပ္ပာယ် ။ ။ *ပြောပြီးစကားတွင်မှားယွင်းသည်ကို နောက်စကားဖြင့် ပြေလည်စေသည်၊*

သုံးနည်း ။ ။ လျှို့ဝှက်ချက်ကို လွှတ်ခနဲပြောပြီးမှ အခြားစကားဖြင့် မသိမသာ ဖြစ်အောင် **စကားဖာ** လိုက်သည်။

**စကားဖောင်ဖွဲ့**

အဓိပ္ပာယ် ။ ။ *စကားကို အကြောင်းဆက်စပ်၍ ကြာရှည်စွာ ပြောနေသည်၊*

သုံးနည်း ။ ။ ဤသူသည် ရောက်လာတိုင်း **စကားဖောင်ဖွဲ့** တတ်သဖြင့် သူ့ကို လျင်မြန်စွာ စကားပြောရသည်။

**စကားဖန်ထိုး**

အဓိပ္ပာယ် ။ ။ *ကြားညှပ်စကားသွင်းသည်၊*

သုံးနည်း ။ ။ ဇာတ်မင်းသားသည် သီချင်းတစ်ပိုဒ်နှင့် တစ်ပိုဒ်အကြားတွင် **စကားဖန်ထိုး** လေ့ရှိသည်။

**စကားမစပ်**

အဓိပ္ပာယ် ။ ။ *ပြောရင်းစကားနှင့် အကြောင်းအရာ မသက်ဆိုင်ဘဲ၊*

သုံးနည်း ။ ။ သူက ဝတ္ထုအကြောင်းပြောရာမှ **စကားမစပ်** ပညာရေးအကြောင်းကို ရောက်သွားသည်။

mgyoe.com

mgyoe.com


**စကားမေးမရ**

အဓိပ္ပာယ် ။ ။ *စကားတုံ့ပြန်မပြောဘဲရှိသည်၊*

သုံးနည်း ။ ။ လူမမာမှာ မြောသွား၍ **စကားမေးမရ** ဖြစ်သွားသည်။

ဤအကြောင်းအရာမှာ သူသဘောမကျသော ကိစ္စဖြစ်နေသဖြင့် နှုတ်ဆိတ်နေ၍ **စကားမေးမရ** ဘဲရှိသည်။

**စကားမျှင်မပြတ်**

အဓိပ္ပာယ် ။ ။ *စကားပြောနေဆဲ၊ ရပ်နားခြင်းမရှိဘဲ၊*

သုံးနည်း ။ ။ သူ့ကို မေးစရာရှိနေသော်လည်း အခြားသူနှင့် **စကားမျှင်မပြတ်** သဖြင့် သည်းခံ၍ စောင့်နေရသည်။

**စကားရောဖောရော (စပါးရောဖွဲရော)**

အဓိပ္ပာယ် ။ ။ *စကားဖွာဖွာပြောရင်း မသိမသာအားဖြင့်၊*

သုံးနည်း ။ ။ ဧည့်သည်မှာ **စကားရောဖောရော** နှင့် တည်ထားသော စီးကရက်ဘူးကို အိတ်ထဲထည့်သွားသည်။

**စကားရောင်း စကားဝယ်**

အဓိပ္ပာယ် ။ ။ *လူနှစ်ဦးကြား တစ်ဖက် စကားတစ်ဖက် ကူးလှယ်ပေးသည်၊ အပြန်အလှန် ကုန်းချောသည်၊ စကားရှုပ်သည်၊*

သုံးနည်း ။ ။ သူတို့နှစ်ဦးသင့်မြတ်နေသည်ကို ကြားက **စကားရောင်း စကားဝယ်** လုပ်ပေးခြင်းဖြင့် မသင့်မြတ်အောင် မပြုစကောင်းပေ။

mgyoe.com

mgyoe.com



**စကားရိပ်စကားမြွက် (အရိပ်အမြွက်)**

အဓိပ္ပာယ် ။ ။ *အနည်းအပါး ကြိုတင်သိစေရုံမျှ၊*

သုံးနည်း ။ ။ သူနှင့်အမြဲတွေ့နေသော်လည်း သူနိုင်ငံခြားသွားမည့်ကိစ္စကို **စကားရိပ်စကားမြွက်မျှ** မပြောချေ။

**စကားလက်ဆုံကျ**

အဓိပ္ပာယ် ။ ။ *စကားပြောဆိုရာ၌ စိတ်ဝင်စား၍ အဆုံးမသတ်နိုင်ဘဲ၊*

သုံးနည်း ။ ။ သူငယ်ချင်းတစ်စု **စကားလက်ဆုံကျ** နေ၍ အစားအသောက်များကို လက်ဖျားနှင့်မျှ မတို့နိုင်ဘဲ ရှိကြသည်။

**စကားဦးသန်း**

အဓိပ္ပာယ် ။ ။ *ကြိုတင်၍ မလိုလားဖွယ်ထင်မြင်ချက်ကို ပြောဆိုသည်၊*

သုံးနည်း ။ ။ ကျွန်တော်ထိထိုးထားသည်ကို သူက ပေါက်မည်မဟုတ်ပါဟု **စကားဦးသန်း** သဖြင့် သူနှင့် စကားများကြသည်။

**စကားအိုး (လေအိုး)**

အဓိပ္ပာယ် ။ ။ *စကားအဆက်မပြတ် ဖောသီစွာပြောသူ၊*

သုံးနည်း ။ ။ ဤ **စကားအိုး** ကို လက်ခံစကားပြောနေလျှင် ဆုံးနိုင်တော့မည် မဟုတ်ပါ။

mgyoe.com

mgyoe.com



**စခန်းကုန်**

အဓိပ္ပာယ် ။ ။ *အဆုံးသတ်သည်၊ ကွာရှင်းပြတ်စဲသည်၊*

သုံးနည်း ။ ။ သူတို့လင်မယား **စခန်းကုန်** ပြီဟု မိန်းမက ပြောသည်။

**စခန်းကုန်လမ်းကုန်**

အဓိပ္ပာယ် ။ ။ *အဆုံးစွန်အားဖြင့်၊*

သုံးနည်း ။ ။ ကျောင်းသားအား နောက်တစ်ကြိမ်အပြစ်ကျူးလွန်ပါက ကျောင်းထုတ်ပစ်မည်ဟု ဆရာကြီးက **စခန်းကုန်လမ်းကုန်** ပြောလိုက်သည်။

**စတည်းချ**

အဓိပ္ပာယ် ။ ။ *ရပ်နားတည်းခိုသည်၊*

သုံးနည်း ။ ။ သူရောက်လာတိုင်း ကျွန်တော့်အိမ်မှာ **စတည်းချ** လေ့ရှိပါသည်။

**စတန့်ထွင်**

အဓိပ္ပာယ် ။ ။ *အထူးအဆန်း၊ စွန့်စားမှု၊ လှည့်စားမှု ပြုလုပ်သည်၊*

သုံးနည်း ။ ။ အလှူခံလိမ်များကို လူများလက်မခံ၍ မုတ်ဆိတ်နှင့်ရသေ့ဝတ် ဝတ်ဆင်ကာ **စတန့်ထွင်** ၍ အလှူခံပြန်သည်။

mgyoe.com

mgyoe.com



## စနိုးစနောင့်

အဓိပ္ပာယ် ။ ။ *စိတ်ထင့်လျက်၊ စိုးရိမ်ပူပန်လျက်၊*

သုံးနည်း ။ ။ သူအိမ်ပြန်ချိန် နောက်ကျလွန်းသဖြင့် သူ့ဇနီးမှာ **စနိုးစနောင့်** ဖြင့် ဘာလုပ်ရမည်မသိဘဲ ရှိသည်။

## စနောင်စနင်

အဓိပ္ပာယ် ။ ။ *မငြိမ်မသက်၊ အခြေမကျဘဲ၊*

သုံးနည်း ။ ။ သောင်းကျန်းသူများကြောင့် တိုင်းပြည် **စနောင်စနင်** ဖြစ်ခဲ့ရဖူးသည်။

သည်ကြမ်းပြင်က ကြမ်းကျိုးထွက်ကုန်သဖြင့် **စနောင်စနင်** ဖြစ်နေသည်။

## စနည်းနာ

အဓိပ္ပာယ် ။ ။ *သတင်းထောက်လှမ်းနားထောင်သည်၊*

သုံးနည်း ။ ။ ကုန်သည်များသည် မိမိတွင်ပါသောကုန်များကို မရောင်းမီ ဈေးအတက်အကျ **စနည်းနာ** ကြသည်။

## စပါးကြည့် (စံပယ်ကြည့်)

အဓိပ္ပာယ် ။ ။ *မျက်စိမှေး၍မာယာနှင့် ကြည့်သောအကြည့်၊*

သုံးနည်း ။ ။ မိန်းကလေးက အသားညိုချောဖြစ်ရုံမက **စပါးကြည့်** ကြည့်တတ်သဖြင့် မြင်သူစွဲလမ်းကြသည်။

mgyoe.com

mgyoe.com



**စပါးပေးပေးသည်**

အဓိပ္ပာယ် ။ ။ *စပါးပေါ်ချိန်မှ စပါးနှင့်ဆပ်ပေးရန် ငွေကြိုတင်ချေးသည်၊*

သုံးနည်း ။ ။ ဗြိတိသျှခေတ်က မြေရှင်ကြီးများသည် အတိုးကြီးစားကြ၍ ငွေချေးရာတွင် **စပါးပေးပေး** ၍ ချမ်းသာလာကြသည်။

**စမုတုတု**

အဓိပ္ပာယ် ။ ။ *ရှက်ရွံ့လျက်၊ မချိုမချဉ် အမူအရာဖြင့်၊*

သုံးနည်း ။ ။ မိန်းကလေးသည် သူ့ကို ချီးမွမ်းပြောဆိုနေမှန်းသိ၍ **စမုတုတု** လုပ်နေသည်။

**စရောစလိုက်**

အဓိပ္ပာယ် ။ ။ *အလိုက်အလျော၊ ပြေလည်စွာ၊ လိုက်လိုက်လျောလျော၊*

သုံးနည်း ။ ။ သူသည် ခေတ်ပညာတတ်ဖြစ်သော်လည်း တောရွာသားများနှင့် **စရောစလိုက်** နေထိုင်တတ်သည်။

**စရန်ပေး**

အဓိပ္ပာယ် ။ ။ *တင်ကြိုပြုမူသည်၊*

သုံးနည်း ။ ။ ဆရာကြီးက ကျောင်းပြေးသူအား နောက်တစ်ခါဆိုလျှင် သုံးချက်ရိုက်မည်ဟုပြောလျက် ယခုတစ်ကြိမ်တွင် ကြိမ်ဒဏ်တစ်ချက် **စရန်ပေး** လိုက်သည်။

mgyoe.com

mgyoe.com


## စလုတ်စပေါက် (စားလုတ်စားပေါက်)

အဓိပ္ပာယ် ။ ။ *အနည်းငယ်သော အစားအစာ၊ စွန့်ပစ်စာ၊*

သုံးနည်း ။ ။ ပညာမသင်သောကလေးများသည် မိဘကွယ်လွန်သော် ရပ်တည်ရာမရဘဲ **စလုတ်စပေါက်** စားသောက်နေရသော ဘဝသို့ရောက်ရသည်။

## စလုံးစခု

အဓိပ္ပာယ် ။ ။ *စားသောက်ရာ၊ စမ်းကိုင်ရာ၌ မချောမမွေ့ဘဲ၊*

သုံးနည်း ။ ။ ဆန်နှင့်ပြောင်း ရောချက်ထားသော ထမင်းမှာ အချောသောကြောင့် **စလုံးစခု** နှင့်စား၍ မကောင်းဖြစ်နေသည်။

## စာချုပ်ပေတည်း

အဓိပ္ပာယ် ။ ။ *အခိုင်အမာပဋိညာဉ်ပြုချက်၊*

သုံးနည်း ။ ။ ငွေချေးသောအခါ **စာချုပ်ပေတည်း** မရှိလျှင် ပြန်တောင်းသည့်အခါ အထောက်အထားပြစရာ မရှိဖြစ်တတ်သည်။

## စာခြောက်ရုပ်

အဓိပ္ပာယ် ။ ။ *စကားမပြော၊ မလှုပ်မယှက်နေသူ၊*

သုံးနည်း ။ ။ လူများဆုံမိရာတွင် အခြားသူများက ဆူဆူညံညံပြောကြသော်လည်း သူ့တစ်ယောက်တည်း **စာခြောက်ရုပ်** လုပ်နေသည်။

mgyoe.com

mgyoe.com


**စာတိုစာရှည်**

အဓိပ္ပာယ် ။ ။ *စာအစောင်စောင်ရေးလျက်၊*

သုံးနည်း ။ ။ သူ့ မကျေနပ်ချက်ကို **စာတိုစာရှည်** တွေ ရေးပို့နေသဖြင့် တောင်းပန်လိုက်ရသည်မှာ အမောပင်ဖြစ်သည်။

**စာရင်းရှုပ်**

အဓိပ္ပာယ် ။ ။ *ထပ်မံ၍စွက်ဖက်သည်၊*

သုံးနည်း ။ ။ သူနှင့်ပြေပြေလည်လည်ဆွေးနွေးပြီးနောက် ထပ်လာ၍ **စာရင်းရှုပ်** သည်ကို လက်မခံပေ။

**စားကောင်းသောက်ဖွယ်**

အဓိပ္ပာယ် ။ ။ *ကောင်းမွန်သောစားစရာများ၊*

သုံးနည်း ။ ။ သူတို့လင်မယားသည် အပတ်စဉ် **စားကောင်းသောက်ဖွယ်** များကို မိဘများအိမ်သို့ သွားရောက်ပေးပို့ကြသည်။

**စားခွက်လု**

အဓိပ္ပာယ် ။ ။ *အခွင့်အရေးသူ့ထက်ငါအရယူရန် ကြိုးစားသည်၊*

သုံးနည်း ။ ။ သူတို့နှစ်ဦးသည် တစ်ရပ်တည်းသားချင်းဖြစ်လျက်၊ ရာထူးအတွက် **စားခွက်လု** နေကြသည်မှာ မှားမှန်း မသိကြပေ။

mgyoe.com

mgyoe.com



## စားမြုံ့ပြန်

အဓိပ္ပာယ် ။ ။ *အတိတ်ဖြစ်ရပ်များကို ပြန်တွေးပြန်ဖော်ပြောဆိုသည်၊*

သုံးနည်း ။ ။ သူသည်နိုင်ငံခြားတွင် လည်ပတ်ခဲ့သည်ကို **စားမြုံ့ပြန်** နေသည်။

## စီကာပတ်ကုံး

အဓိပ္ပာယ် ။ ။ *ဖွဲ့နွဲ့စီစဉ်လျက်၊ ရှည်လျားစွာ၊*

သုံးနည်း ။ ။ ကျောင်းသူကလေးသည် သူငယ်ချင်းများအား ဘုရားဖူးသွားခဲ့ပုံကို **စီကာပတ်ကုံး** ပြောပြနေသည်။

## စီစီလျဉ်လျဉ်

အဓိပ္ပာယ် ။ ။ *အစီအစဉ်တကျ၊*

သုံးနည်း ။ ။ မြန်မာနိုင်ငံသမိုင်းကို **စီစီလျဉ်လျဉ်** ပြောတတ်သူရှိလျှင် နားထောင်ချင်ပါသည်။

## စုလိုက်ပုံလိုက်

အဓိပ္ပာယ် ။ ။ *တစ်ကြိမ်တည်းများပြားစွာ၊*

သုံးနည်း ။ ။ သူသည် မိဘများ ကွယ်လွန်သဖြင့် အမွေများ **စုလိုက်ပုံလိုက်**ရရှိသည်။

## စုလျားရစ်ပတ်

အဓိပ္ပာယ် ။ ။ *လက်ထပ်သည်၊*

သုံးနည်း ။ ။ သူတို့နှစ်ဦးကို ဘွဲ့ရပြီးနောက် မိဘများက **စုလျားရစ်ပတ်** ပေးကြသည်။

mgyoe.com

mgyoe.com



**စူးစူးဝါးဝါး**

အဓိပ္ပာယ် ။ ။ *ကျယ်လောင်စူးရှစွာမြည်လျက်၊*

သုံးနည်း ။ ။ လမ်းပေါ်မှ လူတစ်ယောက် **စူးစူးဝါးဝါး** အော်သဖြင့် ထွက်ကြည့်ရာ ကားတိုက်ခံရသူကို တွေ့မြင်လိုက်ရသည်။

**စေတနာ့ဝန်ထမ်း**

အဓိပ္ပာယ် ။ ။ *လုပ်ခမယူဘဲ၊ အခမဲ့ စေတနာသက်သက်ဖြင့်၊*

သုံးနည်း ။ ။ ကျွန်တော်သည် ညကျောင်းတစ်ခုတွင် **စေတနာ့ဝန်ထမ်း** ကျောင်းဆရာတစ်နှစ်တာ လုပ်ခဲ့ဖူးသည်။

**စေပါလက်သုတ်**

အဓိပ္ပာယ် ။ ။ *သူတစ်ပါးအစေအခိုင်းခံသူ*

သုံးနည်း ။ ။ စေတနာထားသည်ဆိုသော်လည်း လူတကာ၏ အကျိုးကို ထမ်းရွက်လွန်းလျှင် **စေပါလက်သုတ်** ဖြစ်သွားတတ်သည်။

**စေ့စေ့ပွတ်ပွတ်**

အဓိပ္ပာယ် ။ ။ *ချွေတာစိစစ်လျက်၊*

သုံးနည်း ။ ။ ဤသူချမ်းသာလာသည်မှာ ရသမျှငွေကို **စေ့စေ့ပွတ်ပွတ်** သုံးစွဲတတ်သောကြောင့် ဖြစ်သည်။

mgyoe.com

mgyoe.com


**စော်ကားမော်ကား**

အဓိပ္ပာယ် ။ ။ *ထိပါးတိုက်ခိုက်မာန်ဝင့်လျက်၊*

သုံးနည်း ။ ။ ထိုသူငယ်မကလေးမှာ မိဘကို **စော်ကားမော်ကား** ပြောတတ်သဖြင့် အိမ်နီးချင်းများက ရွံရှာကြသည်။

**စိုစိစိုစက်**

အဓိပ္ပာယ် ။ ။ *စွတ်စိုလျက်၊ အေးစက်စက်နိုင်လျက်၊*

သုံးနည်း ။ ။ သူ့ကို အကူအညီတောင်းရသည်မှာ သူက **စိုစိစို စက်** နှင့်နေသဖြင့် အားမရလှပေ။

ရေခပ်ပြီးနောက် အဝတ်စိုကိုမလဲဘဲ **စိုစိစိုစက်** ဆက်လက်နေထိုင်ခဲ့လျှင် ဝမ်းကယ်ရင်ပြည့် ဖြစ်တတ်သည်။

**စို့နပ်နပ်(မစို့မနပ်)**

အဓိပ္ပာယ် ။ ။ *မပွင့်မလင်းနေသည်၊*

သုံးနည်း ။ ။ သူ့ကိုမည်သူက အကြံဉာဏ်ပေးသည်ဖြစ်စေ **စို့နပ် နပ်** လုပ်နေသဖြင့် ကြီးပွားတိုးတက်မည့်အလား အလာ မရှိပေ။

**စက်ကွင်းမိ**

အဓိပ္ပာယ် ။ ။ *သိမ်းရုံးထိပါးခြင်းခံရသည်၊*

သုံးနည်း ။ ။ ဆရာကြီးသည် တပည့်နှစ်ယောက်ကို ဆူပူနေရာ ကျန်ကျောင်းသားများ **စက်ကွင်းမိ** မည်စိုး၍ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေကြသည်။

mgyoe.com

mgyoe.com


**စက်ပုန်းခုတ်**

အဓိပ္ပာယ် ။ ။ *လျှို့ဝှက်သိပ်သည်းစွာ နောက်ကွယ်မှ ကြိုးပမ်းအား ထုတ်သည်၊*

သုံးနည်း ။ ။ ခင်ဗျားဇနီးက ရိုးရိုးအေးအေးနေတတ်ပေမဲ့ ခင်ဗျား ယောက္ခမကြီးက **စက်ပုန်းခုတ်** နေသဖြင့် တစ်နေ့ တွင် အခွင့်အရေးဆိုလာလိမ့်မည်။

**စောက်မှန်းကမ်းမှန်း (စောက်မှန်းကန်းနှန်း)**

အဓိပ္ပာယ် ။ ။ *ရေရေရာရာမသိ၊ မခွဲခြားနိုင်ဘဲ၊*

သုံးနည်း ။ ။ ပညာမဲ့သောသူသည် လူမှုကိစ္စဟူသမျှတွင် **စောက် မှန်းကမ်းမှန်း** မသိ တလွဲတချော် လုပ်တတ်သည်။

**စိုက်လိုက်မတ်တတ်**

အဓိပ္ပာယ် ။ ။ *မပြောင်းမလဲဘဲ၊ တစ်သမတ်တည်း၊*

သုံးနည်း ။ ။ ဤလယ်သမားကြီးသည် စပါးတစ်မျိုးတည်းကိုသာ **စိုက်လိုက်မတ်တတ်** စိုက်လာခဲ့သည်။

**စင်တော်ကကောက်**

အဓိပ္ပာယ် ။ ။ *ဩဇာအာဏာရှိသူတို့က မြှောက်စားတာဝန်ပေး သည်။*

သုံးနည်း ။ ။ ဤသူငယ်သည် ပညာထူးချွန်သောကြောင့် **စင် တော်ကကောက်** သဖြင့် ပညာတော်သင်ဆုရရှိ သည်။

mgyoe.com

mgyoe.com



**စင်းလုံးချော (စင်းလုံးကျွတ်)**

အဓိပ္ပာယ် ။ ။ *အားလုံးခပ်သိမ်း၊*

သုံးနည်း ။ ။ ဤမိန်းကလေးက ပြောစရာမရှိအောင် **စင်းလုံးချော** လှသဖြင့် မယ်ဘွဲ့ကို ထိုက်ထိုက်တန်တန် ရရှိသည်။

**စဉ်းစားခန်းဝင်**

အဓိပ္ပာယ် ။ ။ *လေးနက်စွာစဉ်းစားသည်၊*

သုံးနည်း ။ ။ အိမ်ရှင်မသည် တစ်နေ့တာ အသုံးစရိတ်နှင့်လောက်အောင် ဘာဝယ်ရမည်ကို **စဉ်းစားခန်းဝင်** နေသည်။

**စည်းလားရိုက်**

အဓိပ္ပာယ် ။ ။ *ကြိုတင်တိုင်ပင်ညှိနှိုင်းသည်၊*

သုံးနည်း ။ ။ စကားရည်လုပွဲတွင် တစ်ဖက်တည်းမှ ပါဝင်မည့်သူများ အချင်းချင်း **စည်းလားရိုက်** နေကြသည်။

**စစ်စစ်ပေါက်ပေါက်**

အဓိပ္ပာယ် ။ ။ *သေချာစွာ စိစစ်လျက်၊ ရသမျှ စုစည်းလျက်၊*

သုံးနည်း ။ ။ ရှေ့နေသည် တရားခံ၏ ကိုယ်ရေးကိုယ်တာများကို **စစ်စစ်ပေါက်ပေါက်** မေးမြန်းနေသဖြင့် သူ၏ရှေ့နေက ကန့်ကွက်သည်။

ပုံးထဲမှာ ကပ်ကျန်နေသည့် ဆီကို **စစ်စစ်ပေါက်ပေါက်**သုံးလျှင် တစ်အိုးချက်စာလောက် ရနိုင်သည်။

mgyoe.com